# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 7 January 2026 ၁၂၀၅၅


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✢

---


ယနေ့ ဖတ်စရာ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ စာမျက်နှာ » ၅

ပြည်ရေနံမြေ၌ သုတေသနပြု၍ သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၆

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ စာမျက်နှာ » ၈

ယနေ့ခေတ် ခြိမ်းခြောက်မှုများကို သိပ္ပံနည်းကျကျော်လွှားခြင်း ဆောင်းပါး စာမျက်နှာ » ၁၄

# စုစုစည်းစည်း ညီညီညွတ်ညွတ်ပူးပေါင်း ကောင်းမွန်သည့်အနာဂတ်ကိုဖော်ဆောင်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ တပ်မတော်က ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည့်မတ်ခိုင်မာစွာ လျှောက်လှမ်းနိုင်ရန်အတွက် ဒီမိုကရေစီစနစ်ကို အဆင့်ဆင့်ဖော်ဆောင်ပေးခဲ့သည်။ သမိုင်းကြောင်းတစ်လျှောက်၌ နိုင်ငံတော်တွင် ဖြစ်ပေါ်ပြောင်းလဲမှု အခက်အခဲ၊ အကျပ်အတည်းများကို တပ်မတော်ကပင် ဦးဆောင်ဖြေရှင်းပေးခဲ့သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်ကိုတာဝန်ယူသည့် ကာလတစ်လျှောက်လုံး အများပြည်သူလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ထူထောင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံ၏အဓိကကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများတိုးတက်စေရန်၊ နိုင်ငံသားတိုင်းအတွက် အရေးကြီးသည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုစီးပွားဘဝများ တိုးတက်စေရန်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး နိုင်ငံတော်အာဏာကို ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့်အစိုးရအား ချောမောအောင်မြင်စွာ လွှဲပြောင်းပေးနိုင်ရန်အတွက် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်မှန်သမျှကို ဦးတည်ချက်၊ ရည်မှန်းချက်များ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

သို့သော် နိုင်ငံနှင့်ပြည်သူ ကောင်းရာကောင်းကျိုးကို မလိုလားသည့် ပြည်ပနိုင်ငံတချို့နှင့် စဉ်းစားတွေးခေါ်မှုနည်းပါးပြီး လမ်းမှားလိုက်နေကြသည့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းတချို့၊ အသိဉာဏ်နည်းပါးသည့် အကြမ်းဖက်သမားများနှင့် အားပေးထောက်ခံသူများကြောင့် ယခုအချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ အောင်မြင်သင့်သလောက် မအောင်မြင်သည်ကို တွေ့နိုင်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေသူများ၊ အသိပညာ၊ အတတ်ပညာနှင့် နိုင်ငံကို ဘက်ပေါင်းစုံကတိုးတက်အောင် ဆောင်ရွက်နေသူများရှိသကဲ့သို့ ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်ပယောဂများကို ယုံစားပြီး အသိပညာနည်းပါးသည့် ကိုယ်ကျိုးအတ္တသမားများ၊ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သူများလည်းရှိနေဆဲဖြစ်သည်။

ထိုသို့ဆောင်ရွက်နေသူများနှင့်ပတ်သက်၍ “မိမိတို့အနေဖြင့် စိတ်မပျက်လက်မလျှော့ဘဲ အားလုံးက စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပြီး ကောင်းမွန်သည့် နိုင်ငံ၏အနာဂတ်ကို အောင်မြင်အောင် ဖော်ဆောင်ပေးကြပါရန်” ဇန်နဝါရီလ ၄ ရက်နေ့က နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သဘင်ဆောင်၌ကျင်းပသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင် တိုက်တွန်းပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်လုပ်ငန်းများ၊ တိုင်းပြည်ပြိုကွဲပျက်စီးစေမည့် ကြံစည်လုပ်ဆောင်မှုများ ဖြစ်ပေါ်နေသောအချိန်တွင် နိုင်ငံသားအားလုံး၏ အင်အားသည် နိုင်ငံတော်အတွက် အရေးကြီးသောစွမ်းအားများဖြစ်သည်။ မကြာသေးမီက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၁)ကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး လာမည့် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ရွေးကောက်ပွဲအပိုင်း(၂)ကို ကျင်းပသွားမည်ဖြစ်သလို ရွေးကောက်ပွဲအပိုင်း(၃)ကို ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ရပ်တည်းက ကြိုးပမ်းအကောင်အထည်ဖော်ရုံဖြင့် ပြည့်စုံလုံလောက်မှုမရှိနိုင်ပေ။ နယ်ပယ်အသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုသည်။ သို့မှသာ အားလုံးမျှော်မှန်းထားသည့် ဒီမိုကရေစီပြည်ထောင်စုကြီးကို အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များသည် စဉ်ဆက်မပြတ် ရေရှည်လုပ်ငန်းစဉ်များဖြစ်သည့်အတွက် နိုင်ငံတော်နှင့် လက်တွဲကြိုးပမ်းနေကြသူများအနေဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ဆက်လက်လက်တွဲဆောင်ရွက်ပေးရန်၊ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရသေးသူများအနေဖြင့်လည်း အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ရည်မျှော်၍ နိုင်ငံတော်နှင့် အမြန်ဆုံးလက်တွဲဆောင်ရွက်ပေးကြရန်၊ အမြင်မတူသူ သဘောထားကွဲလွဲနေကြသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအနေဖြင့်လည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရန် အလေးအနက် ဖိတ်ခေါ်လိုက်ရပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၃၀-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၂-၁-၂၀၂၁ ရက်နေ့မှ ၁၂-၁၂-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၃၇ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၈၂ ဦး စုစုပေါင်း ၂၅၆ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၃၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၆၃၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၉၆ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၉၆၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ၆ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၁,၁၈၁ | ၁၀,၁၅၆,၆၀၀ |
| MTSH | ၃,၇၀၀ | ၃,၈၀၀ | ၇၄၆ | ၂,၇၆၆,၈၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၆၄၆ | ၄,၈၁၈,၄၀၀ |
| FPB | ၂,၅၀၀ | ၂,၅၅၀ | ၁၀,၃၁၂ | ၂၅,๙၂၅,၀၀၀ |
| TMH | ၃,၁၅၀ | ၃,၅၀၀ | ၁၆၀ | ၅၅၀,၀၅၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁,၁၆၈ | ၁,၈၈၀,၂၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂ | ၉,၆၀၀ |
| MAEX | ၃,၂၀၀ | ၃,၃၀၀ | ၆၇၇ | ၂,၁၈၃,၆၀၀ |
| MADPL(PLB) | ၂,၈၀၀ | ၂,၇၀၀ | ၃,၁၂၁ | ၈,၄၂၆,၉၀၀ |
| ASPGB(PLB) | ၅၀,၀၀၀ | ၅၀,၀၀၀ | ၁,၀၄၃ | ၅၂,၁၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✢ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းတို့ တက်ရောက်ကြပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro နှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုများ ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ကြီးမားစွာ ဖြစ်ပွားခဲ့ပြီး နိုင်ငံတော်၏အာဏာကို မတရားသောနည်းဖြင့် ရယူရန် ကြိုးပမ်းခဲ့မှုကြောင့် နိုင်ငံတော်၏ တာဝန်ကို မလွှဲမရှောင်သာရယူခဲ့ရသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ ပထမပိုင်းအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန် ကျန်ရှိသည့် မြို့နယ်များ၌ ရွေးကောက်ပွဲ အပိုင်း (၂) နှင့် အပိုင်း (၃) ကို ဆက်လက် ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲအပိုင်း (၁) ကျင်းပပြုလုပ်ချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များ လာရောက် လေ့လာခဲ့မှုနှင့် ဖိလစ်ပိုင်နိုင်ငံကလည်း ပါဝင်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ကောင်းမွန်သည့် သုံးသပ်မှုများ ရရှိခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပပြုလုပ်နေခြင်းသည် မြန်မာနိုင်ငံသားများ အားလုံး၏ ဒီမိုကရေစီအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးဆောင်ရွက်ပေးသည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင် နိုင်ငံတို့အကြား နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် မြန်မာနိုင်ငံ အနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အကောင်းဆုံး ဖြစ်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**❖ ရွေးကောက်ပွဲ အပိုင်း (၁) ကျင်းပပြုလုပ်ချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် ဖိလစ်ပိုင်နိုင်ငံကလည်း ပါဝင်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ကောင်းမွန်သည့် သုံးသပ်မှုများကိုရရှိခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြုလုပ်နေခြင်းသည် မြန်မာနိုင်ငံသားများအားလုံး၏ ဒီမိုကရေစီအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ပေးသည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်းဘွဲ့မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**ဘားအံ ဇန်နဝါရီ ၆**

လှိုင်းဘွဲ့မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ယနေ့မွန်းလွဲပိုင်းတွင် လှိုင်းဘွဲ့မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်း၌ တွေ့ဆုံဆွေးနွေးသည်။

**ပူးပေါင်းဆောင်ရွက်**

ထိုသို့တွေ့ဆုံစဉ် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို လှိုင်းဘွဲ့မြို့နယ်အတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး၊ ရာနှုန်းပြည့်ဆန္ဒမဲလာရောက်ပေးနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ကရင်ပြည်နယ် တာဝန်ခံ ဦးကြည်သိန်းက လှိုင်းဘွဲ့မြို့နယ်အတွင်း ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ကြိုတင်မဲပေးနိုင်ရေးနှင့် ပြည်သူများ အောင်မြင်စွာ မဲပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး နယ်မြေခံတပ်နယ်မှ အရာရှိတစ်ဦးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြည်နယ်အတွင်း



ဆောင်ရွက်မည့် ရွေးကောက်ပွဲ အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း (၃) များကို အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲကာလမတိုင်မီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲကာလ ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ဆန္ဒမဲပေးပြီးကာလ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ရမည့် အချက်အလက်များကို လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ) ဥက္ကဋ္ဌနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ရာနှုန်းပြည့်ဆန္ဒမဲပေးနိုင်ရေးဆိုင်ရာများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘ်ဘွန်းထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခမ်းအနားကို ဆင်နွှဲကျင်းပနေချိန်တွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင် ချမ်းမြေ့ပါစေကြောင်းနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြောကြားလိုပါသည်။ နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားအတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကျယ်ပြန့်စွာ မြှင့်တင်သွားရန် မိမိတို့၏ အသင့်ရှိနေမှုကို ထပ်လောင်းပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စီဖီ ဂါအိဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရ ကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်အား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အခွင့်အခါကြုံခိုက် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန်နှင့် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အဆွေတော်နှင့် အတူလက်တွဲ ဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် ပြည်သူများထံသို့လည်းကောင်း လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်ကာလရှည်ကြာ ထူထောင်ထားသည့် ချစ်ကြည်ရင်းနှီးမှုကို အလွန်တန်ဖိုးထားလျက်ရှိပါသည်။ နှစ်ပေါင်းများစွာကတည်းကပင် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ကောင်းမွန်သည့်ဆက်ဆံရေးကို ထူထောင်ထားရှိခဲ့ပြီး နှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရန်အတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် အဆွေတော်နှင့် နီးကပ်စွာ လက်တွဲ၍ နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်တွင် ပိုမိုခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူများ ထာဝရ ငြိမ်းချမ်းပြီး သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေး ပြည်ပရောက်နိုင်ငံသားများနှင့် အာဖရိကရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာမက် အက်တက်ဖ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း ပြောကြားလိုပါသည်။

အခွင့်အခါကြုံခိုက် နှစ်နိုင်ငံအပြန်အလှန် အကျိုးစီးပွားအတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်အတွက် အဆွေတော်နှင့်အတူ လက်တွဲဆောင်ရွက်သွားရန် မိမိအနေဖြင့် အသင့်ရှိကြောင်း ဝမ်းမြောက်စွာ ပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရက်ဆုတ်ခ်ခွန်း ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် မြန်မာပြည်သူများအား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား တူညီသောယဉ်ကျေးမှုနှင့် ဘာသာရေးအမွေအနှစ်များအပေါ် အခြေခံသော ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုသည် အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုတို့ကြောင့် ပိုမိုခိုင်မာခဲ့ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာတွင် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်ရာတွင် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းခိုင်မာလာစေရေးအတွက် မိမိအနေဖြင့် အဆွေတော်နှင့် အတူလက်တွဲ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

## ရေကြည်မြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြော

ရေကြည် ဇန်နဝါရီ ၆

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို ရေကြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။



ဟောပြောပွဲတွင် ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်က မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက မီးသတ်ဆေးဘူး အသုံးပြုပုံ၊ မီးချိတ်၊ မီးကပ်၊ ရေပုံးများ၊ သဲအိတ်များထားရှိရေးနှင့် မီးဘေးအန္တရာယ် ဂရုပြုလိုက်နာဆောင်ရွက်ရေးအတွက် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် မီးဘေးအန္တရာယ်ဖြစ်ပေါ်ပါက အမြန်ဆုံးမီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြု၍ ငြိမ်းသတ်နည်းများကို မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေး

လပွတ္တာ ဇန်နဝါရီ ၆

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ လပွတ္တာမြို့ပေါ်ရှိ ရပ်ကွက်များတွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံမှုရှိစေရန်အတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် (Fire Safety Cerfiticate)ရရှိရေး ဆောင်ရွက်သွားရန်၊ မီးချိတ်မီးကပ်များ၊



သဲပုံးရေပုံးများ၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိရေးနှင့် မီးလောင်မှု၊ မီးလန့်မှုများဖြစ်ပွားလာပါက အမြန်ဆုံး ငြိမ်းသတ်နိုင်ရေး အပေါ့စားမီးသတ်စက်ထားရှိရေး၊ လျှပ်စစ်မီးကြိုးများ၊ ဝါယာကြိုးများ စနစ်တကျ တပ်ဆင် အသုံးပြုစေရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)အား နေပြည်တော် ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ် ၁၀၂ မြို့နယ်တို့ရှိ မဲရုံများသို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များအနက် ဆန္ဒမဲလာရောက်ပေးခဲ့မှုမှာ ၅၂ ဒသမ ၁၃ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပနေချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပသတင်းဌာနများနှင့် မီဒီယာအဖွဲ့အစည်းများက လာရောက်လေ့လာကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား မလိုလားသည့်အကြမ်းဖက်သမားများက ဆန္ဒမဲပေးခဲ့သည့် ပြည်သူများ ဆန္ဒမဲမပေးနိုင်ရန်အတွက် နှောင့်ယှက်ဟန့်တား ခြိမ်းခြောက်ပစ်ခတ်တိုက်ခိုက်မှုအချို့ ပြုလုပ်ခဲ့သော်လည်း ရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း။

ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၂)နှင့် အပိုင်း(၃)တို့တွင် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာ လုံခြုံမှုရှိစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပပြုလုပ်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပိုမိုလုံခြုံစိတ်ချ ကောင်းမွန်သော လုံခြုံရေးဆိုင်ရာအစီအမံများကို ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ထိထိရောက်ရောက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၏ လွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ကြေညာထားသည့်အတိုင်း ရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့်မြို့နယ်များအတွက် ဇန်နဝါရီ ၉ ရက် ည ၁၂ နာရီအချိန်မှစ၍လည်းကောင်း၊ ရွေးကောက်ပွဲအပိုင်း(၃)တွင် ပါဝင်သည့် မြို့နယ်များအတွက် ဇန်နဝါရီ ၂၃ ရက် ည ၁၂ နာရီ အချိန်မှစ၍လည်းကောင်း ရွေးကောက်ပွဲကျင်းပပြီးသည့်အချိန်အထိ ရပ်နားထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်သည့် ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက တိကျစွာလိုက်နာဆောင်ရွက်စေရေး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဇန်နဝါရီ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း (၂)နှင့် ဇန်နဝါရီ၂၅ ရက်တွင် အပိုင်း(၃) တို့ကို ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲ အပိုင်း(၁)၌ တွေ့ကြုံခဲ့ရသည့် မဲပေးစက်ပိုင်းဆိုင်ရာ အားနည်းချက်များ၊ လုံခြုံရေးဆိုင်ရာ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းများ၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့များ လုံလောက်စွာထားရှိနိုင်ရေး၊ မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ သတ်မှတ်ချိန်အတွင်း အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရန်နှင့် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေးအတွက် လုံခြုံရေးစီမံချက်များပါအတိုင်း အင်အားဖြည့်တင်း၍ ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူဆောင်ရွက်မှု ၂၄၀ တွင် တရားခံအမျိုးသား ၂၇၅ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၃၃၅ ဦးရှိခဲ့ပြီး ဆက်လက်၍ ရွေးကောက်ပွဲလုံခြုံရေးအား ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲလုံခြုံရေးအတွက် မိမိနယ်မြေအခြေအနေနှင့် ကိုက်ညီသည့် စီမံဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

စီမံကိန်းနှင့် မူဝါဒဆိုင်ရာ ချေးငွေထုတ်ချေးရန် စိစစ်ရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ ကျင်းပရာ စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထိန်လင်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏စီးပွားရေး မူဝါဒများကို ဆောင်ရွက်ရာတွင် ငွေရေးကြေးရေး ကဏ္ဍသည် အဓိကပါဝင်လျက်ရှိရာ ပြည်သူများ၏ အပ်နှံစုဆောင်းငွေများဖြင့် နှစ်တို၊ နှစ်ရှည် ကူးသန်းရောင်းဝယ်ရေးချေးငွေ (Commercial) နှင့် MSME ချေးငွေများအပြင် နိုင်ငံတော်ဖွံ့ဖြိုးရေး ရေရှည်ရင်းနှီးမြှုပ်နှံရသော စီမံကိန်းနှင့် မူဝါဒဆိုင်ရာလုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ငွေကျပ်သန်း ၁၅၀၀ နှင့်အထက် တင်ပြလာသည့် ချေးငွေလျှောက်ထားမှုများကို စိစစ်နိုင်ရန် **"စီမံကိန်းနှင့်မူဝါဒဆိုင်ရာ ချေးငွေစိစစ်ရေးအဖွဲ့"** ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂-၈-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခင်ထုတ်ချေးထားသော စီမံကိန်းနှင့် မူဝါဒချေးငွေများအနက် ချေးငွေအချို့သည် ပြေကျေပြီးဖြစ်ကြောင်း တွေ့ရှိရပြီး ယခုအခါ စီမံကိန်း ချေးငွေ ခုနစ်ခုနှင့် မူဝါဒချေးငွေ လေးခု စုစုပေါင်း ၁၁ ခု ကျန်ရှိရာ အဆိုပါ စီမံကိန်းနှင့် မူဝါဒဆိုင်ရာ ချေးငွေ ၁၁ ခု၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အဖွဲ့အနေဖြင့် သိရှိမှတ်တမ်းတင်နိုင်ရန်နှင့် ချေးငွေစီမံခန့်ခွဲမှုများကို အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေး ခေါ်ယူခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက စီမံကိန်းနှင့် မူဝါဒဆိုင်ရာထုတ်ချေးထားသော ချေးငွေများအပေါ် ချေးငွေဆိုင်ရာ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးငွေအရင်းအတိုးများ ပုံမှန်ပေးဆပ်စေရေး၊ ချေးငွေပေးဆပ်ရန် ပျက်ကွက်မှုမရှိစေရေး ကြပ်မတ် ဆောင်ရွက်သွားရန်နှင့် ပျက်ကွက်ပါကလည်း ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။

ယင်းနောက် တွဲဖက်အတွင်းရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင် ညွှန်ကြားရေးမှူးက ယခင်စီမံကိန်းနှင့် မူဝါဒဆိုင်ရာ ချေးငွေစိစစ်ရေးအဖွဲ့ ၁/၂၀၂၂ ၏ အစည်းအဝေး ဆုံးဖြတ်ချက်နှင့် အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာထိန်လင်းဦးက ချေးငွေများနှင့်စပ်လျဉ်း၍ ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ချေးငွေပြန်လည်ပေးဆပ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည့်အခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတောင်းမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးနေမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

**ပန်းတောင်း ဇန်နဝါရီ ၆**

ပြည်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ပန်းတောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့သည် ယနေ့နံနက်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပမည့် ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဝန်လိုရပ်ကွက် ကြိုတင်မဲရုံသို့ ကြိုတင်မဲပုံးများအား နံပါတ်ပါလုံခြုံရေးကြိုးများ ချည်နှောင်ထားရှိမှုနှင့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

■

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်သည့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။




ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခြင်းကို ကြိုဆိုထောက်ခံကြောင်း ပြောကြားပြီး ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း(၁) အောင်မြင်စွာကျင်းပပြီးစီးမှု အခြေအနေနှင့် ရွေးကောက်ပွဲ အပိုင်း(၂)နှင့် အပိုင်း (၃) တို့ကို အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဖိလစ်ပိုင်နိုင်ငံသားများအပါအဝင် အွန်လိုင်းလိမ်လည်မှုတွင် ပါဝင်သည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမှု အခြေအနေနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ–ဖိလစ်ပိုင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်(၇၀)ကာလအတွင်း ကောင်းမွန်သည့် ဆက်ဆံရေးကို တည်ထောင်ထားရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်များတွင် အပြန်အလှန် အားပေးကူညီမှုများရှိခဲ့ကြောင်း၊ မကြာသေးမီက မန္တလေးငလျင်နှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ စေလွှတ်၍ကူညီထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁)တွင် ရန်ကုန်မြို့ရှိ ဖိလစ်ပိုင်သံရုံးမှ ကိုယ်စားလှယ်များ စေလွှတ်ပေးခဲ့မှုနှင့် ရွေးကောက်ပွဲကို စနစ်တကျအောင်မြင်စွာ ကျင်းပနေမှုကို အသိအမှတ်ပြုပြောကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံတူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရာ၌ အာဆီယံဥက္ကဋ္ဌနှင့် ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားချက်များကို သိရှိမှတ်သားရကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများတွင် အပြုသဘောပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ၎င်း၏ ခရီးစဉ်သည် အာဆီယံဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်နိုင်ငံက စတင်တာဝန်ယူပြီးနောက် ပထမဆုံး လာရောက်သည့် မိတ်ဆက်ခရီးစဉ်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ဆက်လက်ထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုမှ တစ်ဆင့် လူကုန်ကူးခံရသည့် ဖိလစ်ပိုင်နိုင်ငံသားများကိုကယ်တင်၍ ပြန်လည်လွှဲပြောင်းပေးသည့်အတွက် မြန်မာအစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်သည့် ကဏ္ဍများကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့အား နေပြည်တော်ရှိ Park Royal ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ရေနံမြေ၌ သုတေသနပြု၍ သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီး ပြည်ရေနံမြေသို့ သွားရောက်၍ သုတေသနပြုလုပ်ကာ သဘာဝဓာတ်ငွေ့စမ်းသပ်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ ရှင်းလင်းဆောင်တွင် ပြည်ရေနံမြေ အထွေထွေမန်နေဂျာက ပြည်ရေနံမြေနှင့် ပန်းတောင်းဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးစေရေး သုတေသနပြု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ တွင်းအမှတ် ၄၈ ၏ သဲကြောများကို သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာမှ သဘာဝဓာတ်ငွေ့များ ပြန်လည်ထွက်ရှိလာမှု အခြေအနေများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များက ပြည်၊ မြန်အောင်နှင့် ရွှေပြည်သာ ရေနံမြေများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေးအတွက် နည်းပညာများ အသုံးပြု၍ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ၁၉၆၄ ခုနှစ်မှ စတင်တွေ့ရှိခဲ့သည့် ပြည်ရေနံမြေဒေသသည် အစဉ်အလာကောင်းခဲ့သည့် ရေနံမြေတစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ နှစ်မျိုးလုံးထွက်ရှိသော တန်ဖိုးရှိသည့် ရေနံမြေတစ်ခုဖြစ်သော်လည်း ထုတ်လုပ်မှုရပ်ဆိုင်းလုနီးပါး ဖြစ်နေသည်မှာ ဆယ်နှစ်ကျော် ကြာမြင့်နေပြီဖြစ်ပါကြောင်း၊ ပြည်၊ မြန်အောင်နှင့် ရွှေပြည်သာ ရေနံမြေများသည် ပြည်အနည်ကျ ချိုင့်ဝှမ်းအတွင်း တည်ရှိပြီး ယခုအခါ အထွက်တိုးရေးလုပ်ငန်းများကို ခေတ်မီနည်းပညာများ အသုံးပြု၍ လည်းကောင်း၊ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍လည်းကောင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း။

**မှာကြား**

လက်ရှိ ပြည်ရေနံမြေရှိ တွင်း အမှတ် ၄၈ ၏ သဲကြောများကိုဆန်းစစ်ပြီး သုတေသနပြုလုပ်၍ သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ခဲ့ရာ ရန်ကုန်သို့ ပို့လွှတ်သည့် ပိုက်လိုင်းအတွင်း ဖြည့်သွင်းပေးနေပါကြောင်း၊ သဘာဝဓာတ်ငွေ့ တိုးတက် ထုတ်လုပ်လာနိုင်ပါက ပြည်၊ ရွှေတောင်ဒေသရှိ စက်ရုံများသို့ သဘာဝဓာတ်ငွေ့များ သီးသန့်ပို့လွှတ်နိုင်ရန် စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကိုလည်း အသိအမှတ်ပြု ချီးကျူးပါကြောင်း၊ ပိုမို၍ ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုနေသည့် တိုးတက်ဖွံ့ဖြိုးလာသော နည်းပညာများကို အသုံးပြုပြီး ရှာဖွေခြင်း၊ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် လက်တွေ့လေ့လာ သင်ယူခွင့်များရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ရရှိနိုင်မည့် အခွင့်အရေးများကို ကောင်းမွန်စွာ အသုံးချပြီး မိမိတို့၏အလုပ်ကို တန်ဖိုးထား ဂုဏ်ယူစွာဖြင့် လုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုပြီး ဝန်ထမ်းများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် သံဖြူဇရပ်မြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးနေမှုနှင့် မဲရုံပြင်ဆင်ထားရှိမှု ကြည့်ရှု

**သံဖြူဇရပ် ဇန်နဝါရီ ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မွန်ပြည်နယ်တာဝန်ခံ) ဦးကိုကိုလွင်သည် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့နှင့်အတူ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ရွေးကောက်ပွဲတာဝန်ထမ်းဆောင်မည့်သူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲပေးနေမှုနှင့် မဲရုံတည်နေရာ ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် တာဝန်ထမ်းဆောင်ရမည့် ဆရာ ဆရာမများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လွတ်လပ်စွာ ကြိုတင်ဆန္ဒမဲပေးနေမှုကို လိုက်လံကြည့်ရှုသည်။

ထို့နောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ဖွင့်လှစ်သည့် သင်တန်းတွင် မဲရုံမှူး၊ ဒုမဲရုံမှူးများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်အသုံးပြုနည်းစနစ်များနှင့် မဲရုံစတင်မဖွင့်လှစ်မီ ကြိုတင်ဆောင်ရွက်ရမည့် အချက်များ၊ မဲပေးနေစဉ်နှင့် မဲရုံပိတ်သိမ်းချိန် ဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက မဲရုံမှူး၊ ဒုမဲရုံမှူးတို့၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် မဲရုံတာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများက သိရှိလိုသည်များကို ပြန်လည်တင်ပြဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၆) ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၆**

**မိမိကိုယ်ကို ကရုဏာထားဖို့၊ သူတစ်ပါးကို ကရုဏာထားဖို့၊ ကိုယ်ချင်းစာတတ်ဖို့ ဘာကြောင့်များ ဒီလောက်တောင် ခက်ခဲနေကြပါလိမ့်။ Standford တက္ကသိုလ်မှ စိတ်ပညာရှင်ကြီး Paul Gilbert က ကမ္ဘာကြီးမှာ အခြေခံအကျဆုံးသောလိုအပ်ချက်ဟာ "ကရုဏာ"လို့ဆိုပါတယ်။ ကရုဏာတရားရှုမှတ်နည်းကို Evolutionary Psychology of compassion ဆိုပြီး ခေတ်သစ်စိတ်ပညာကို တိုးတက်ပြောင်းလဲစေတဲ့၊ ကရုဏာကို အဓိကရှုမှတ်ပွားများစေတဲ့ ကုထုံး CFT လို့ အတိုကောက်ခေါ်တဲ့ Compassionate Focused Therapy ကုထုံးသစ်ရဲ့ ဖခင်ကြီးလို့ ခေါ်ရမယ့် ပါမောက္ခကြီး အဖြစ် အလွန်ကျေးဇူးများလှပါတယ်။**

အလားတူပဲ ၂၀၂၅ ခုနှစ် ဇူလိုင်လက ကွယ်လွန်သွားရှာတဲ့ James Doty ဆိုတဲ့ ဦးနှောက်အာရုံကြောခွဲစိတ်ပညာရှင်ကြီးက ကရုဏာကုထုံး CCARE ဆိုတဲ့ ကရုဏာနဲ့ မုဒိတာ သုတေသနဌာနကို Standford တက္ကသိုလ်၌ ထူထောင်ခဲ့ရာမှာလည်း ပါမောက္ခ Dr. Paul Gilbert က တွဲဖက်တာဝန်ယူပို့ချသင်ကြားပြီး ကရုဏာဆေးသိပ္ပံနည်းနဲ့ လူနာတွေကို ဆေးကုသပေးပါတယ်။ ဒီပါမောက္ခကြီးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုရင် ကရုဏာဆိုတာ တိုးတက်ပြောင်းလဲခြင်းယန္တရားလို့ ဆိုပါတယ်။

ကရုဏာကို စိတ်ပညာနဲ့ ဦးနှောက်အာရုံကြော ဆေးသိပ္ပံမှာ ကုထုံးတစ်ခုအနေနဲ့ ဆေးကုသမှုကို ထဲထဲဝင်ဝင် လက်ခံနေကြပြီဖြစ်ပါတယ်။ Evolutionary Psychology of Compassion in Medical Science ရယ်လို့ ကရုဏာကုထုံးကို တွင်တွင်ကျယ်ကျယ်သုံးပြီး ဆေးကုသလို့ ကရုဏာ၊ မုဒိတာ တရားရှုမှတ်နည်းသင်တန်း၊ ကရုဏာ ဗဟိုဌာနမှာ လေ့ကျင့်သင်ကြား ကုသနေတာပါ။

ဗုဒ္ဓရဲ့ သစ္စာလေးပါးတရားတော်မှာ ဒုက္ခသစ္စာဆိုတဲ့ ကိလေသာရောဂါကို မဂ္ဂင်ရှစ်ပါးဆေးနဲ့ ကုသနည်းကို ဒီအနောက်တိုင်းစိတ်ပညာရှင်၊ ဦးနှောက်အာရုံကြော ခွဲစိတ်ဆရာဝန်ကြီးတွေက ကိုယ်တိုင်လေ့ကျင့်သင်ယူပြီးမှ ဆေးသိပ္ပံကုထုံးအဖြစ် အတည်ပြုခဲ့ကြတာပါ။ CFT ကုထုံးဟာ ဗြဟ္မစိုရ်တရားနဲ့ တစ်သားတည်းဖြစ်ပါတယ်။

**လူအများစုရဲ့ ဦးနှောက်မှာ စိတ်ဆိုးတာ၊ မကျေနပ်တာ၊ ဒေါသထွက်တာဆိုတဲ့ အကုသိုလ်ယန္တရားကြီး အမြဲရှိနေတတ်ပါတယ်။ ခက်တာက ကိုယ်ချင်းစာတရား လောကကြီးမှာ ပျောက်ဆုံးနေတာပဲ။ မင်းမှာ ကင်ဆာရောဂါဖြစ်နေသလို ငါ့သား၊ ငါ့သမီးမှာ ဖြစ်ခဲ့ရင်၊ မင်းမိုင်းနင်းမိလို့ ခြေပြတ်လက်ပြတ်ဖြစ်သလို ငါ့မှာ၊ ငါ့သားသမီးမှာဖြစ်ခဲ့ရင် မင်းအိမ်၊ မင်းရွာ မီးရှို့ခံရသလို ငါ့မှာဖြစ်ခဲ့ရင်၊ အပြစ်မဲ့ကလေးတွေ မိဘမဲ့ဖြစ်ရသလို ငါများဖြစ်ခဲ့ရင် ငါ ဘာလုပ်မလဲ။ ဘယ်လိုကူညီပေးရမလဲဆိုတဲ့ အတွေးမျိုးများ တစ်ကြိမ်လောက်ပေါ်ဖူးပါရဲ့လား။**

မမြင်နိုင်တဲ့ ကံဆိုးမိုးမှောင်တွေ၊ လူမှုဒုက္ခတွေ ငါ့ကျမှ ဒီလိုဖြစ်ရလေတယ်ဆိုပြီး ကိုယ့်ကံကြမ္မာကို ဒေါသထွက်ခြင်း၊ တချို့ဆို မိမိအသက်တောင်

> **"လူအများစုရဲ့ ဦးနှောက်မှာ စိတ်ဆိုးတာ၊ မကျေနပ်တာ၊ ဒေါသထွက်တာဆိုတဲ့ အကုသိုလ်ယန္တရားကြီး အမြဲရှိနေတတ်ပါတယ်။ ခက်တာက ကိုယ်ချင်းစာတရား လောကကြီးမှာပျောက်ဆုံးနေတာပဲ။ မင်းမှာ ကင်ဆာရောဂါဖြစ်နေသလို ငါ့သား၊ ငါ့သမီးမှာ ဖြစ်ခဲ့ရင်၊ မင်းမိုင်းနင်းမိလို့ ခြေပြတ်လက်ပြတ်ဖြစ်သလို ငါ့မှာ၊ ငါ့သားသမီးမှာဖြစ်ခဲ့ရင် မင်းအိမ်၊ မင်းရွာ မီးရှို့ခံရသလို ငါ့မှာဖြစ်ခဲ့ရင်၊ အပြစ်မဲ့ကလေးတွေ မိဘမဲ့ဖြစ်ရသလို ငါများ ဖြစ်ခဲ့ရင် ငါဘာလုပ်မလဲ။ ဘယ်လိုကူညီပေးရမလဲဆိုတဲ့အတွေးမျိုးများ တစ်ကြိမ်လောက်ပေါ်ဖူးပါရဲ့လား"**

အဆုံးစီရင်တဲ့အထိ မောဟတွေ ဖုံးလွှမ်းနေကြတယ်။ မိမိကျမှ ဒီလိုဖြစ်ရသလားဆိုတဲ့ တစ်ဖက်ပိတ် အတွေးကနေ **"လူအများ၊ လူတိုင်းလည်း ဒုက္ခကိုယ်စီနဲ့ပါလား"**လို့ ရှုထောင့်အသစ်ကနေ မြင်တတ်အောင် လေ့ကျင့်နည်းတွေ ဗုဒ္ဓက ညွှန်ပြထားပြီးသားပါ။ အနောက်တိုင်းဆေးပညာရှင်တွေကလည်း ဗုဒ္ဓညွှန်ပြတဲ့တရားတွေ လေ့ကျင့်ပြီး ကုထုံးသစ်တွေအဖြစ် တရားရှုမှတ်ခြင်း ဆေးသိပ္ပံလို့ စိတ်ချောက်ချားအောင် ခြိမ်းခြောက်မှုတွေကို သိပ္ပံနည်းကျ ကျော်လွှားနိုင်ခဲ့ပါပြီ။

**ပညာရှိနှလုံးသားဖြင့် ရှင်သန်ခြင်း**

CFT ခေါ်တဲ့ ကရုဏာတရားရှုမှတ်အာရုံစူးစိုက်ကုနည်းမှာ ကရုဏာတရားမှတ်နည်းသင်ပေးပါတယ်။ မိမိကိုယ်မိမိ အဆိုးမြင်၊ သူတစ်ပါးကို အဆိုးမြင်နေတဲ့ တခြားကုထုံးတွေနဲ့ ကုလို့မအောင်မြင်တဲ့ လူနာတွေကို ကုပေးတာပါ။ စိတ်ဒုက္ခ၊ စိတ်ခံစားမှုပြဿနာမျိုးစုံ ခံစားနေရသူတွေကို မိမိကိုယ်မိမိ ကူညီနိုင်တဲ့အတွေး၊ မကူညီနိုင်တဲ့အတွေးရယ်လို့ ရှိကြောင်း၊ မိမိစိတ်သက်သာရာရစေမယ့် အတွေးမျိုးကို ရှာဖွေတတ်ဖို့ စိတ်လေ့ကျင့်ခန်းပါ။ မကောင်းမြင်တဲ့ တစ်ဖက်သတ်အမြင်ကိုပြောင်းဖို့ လေ့ကျင့်တာပါ။ ဘာကို နားလည်ရမလဲဆိုရင်တော့ ဒီစိတ်ဒုက္ခတွေက ငါလုပ်တာမဟုတ်ဘူး၊ ငါဖြစ်ချင်တဲ့အရာလည်းမဟုတ်ဘူး၊ ငါ့စိတ်က ဘာလို့ ဒီစိတ်ဆင်းရဲစရာကိုပဲ တွေးနေရသလဲ၊ Self- Compassion ခေါ်တဲ့ မိမိကိုယ်မိမိ ကရုဏာစိတ်နဲ့ ကြည့်ရမှာ။ ကရုဏာမျက်လုံးနဲ့ ကိုယ့်ကိုယ်ကိုယ်ကြည့်ရမှာ။ ကိုယ်စိတ်ချမ်းသာမှုရဖို့ ကိုယ်ကစရမှာ၊ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူရမှာ၊ ကိုယ်တိုင်တည်ဆောက်ရမှာပါ။

မိမိတစ်ဦးတည်း ဖြစ်တာလည်းမဟုတ်ဘူး၊ တစ်လောကလုံး လူတိုင်း ဒုက္ခကိုယ်စီရှိကြတာပဲ၊ လူသားအားလုံး ဒုက္ခရေစီးကြောင်းမှာ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြတာပါလား။ လူသားအားလုံး ဒုက္ခကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ အခက်အခဲဟူသမျှ ကျော်လွှားနိုင်ကြပါစေလို့ စိတ်ကို လေ့ကျင့်ရပါမယ်။

လူတွေမှာ လှည့်စားတတ်တဲ့ ဦးနှောက်ရှိကြတယ်။ ဦးနှောက်အဟောင်းမှာ မကောင်းမြင်မှု စိတ်ဆင်းရဲစရာတွေပြည့်နေသလို ဦးနှောက်အသစ်မှာ ဆင်ခြင်တုံတရားတွေ ပြန်လည်သုံးသပ်တွေးခေါ်မြော်မြင်မှုတွေလည်း ရှိနေပြန်ပါတယ်။ ဦးနှောက်အသစ်ကို ဖန်တီးယူရမှာပါ။

ခုန CFT ကရုဏာကုထုံးဖခင်ကြီး Dr. Paul Gilbert ဦးနှောက်လုပ်ဆောင်လည်ပတ်မှုစနစ်ဖြစ်တဲ့ Drive System, soothing System, Threat System သီအိုရီကို Paul Gilbert သီအိုရီလို့တောင် ပြောစမှတ်ပြုကြပါတယ်။

ကရုဏာဆိုတာ ဟန်ဆောင်ထားတဲ့နှလုံးသားမှာ မရှိနိုင်ပါဘူးလို့ CFT ဖခင်ကြီး Paul Gilbert က ပြောပါတယ်။ သူက ကရုဏာဆိုတာ မိမိနဲ့ သူတစ်ပါးမှာရှိတဲ့ ဒုက္ခဆင်းရဲတွေကိုကြည့်ပြီး ကိုယ်ချင်းစာနာစိတ်နဲ့ ကာကွယ်ဖယ်ရှားပေးနိုင်တဲ့ အစွမ်းသတ္တိကိုခေါ်တာလို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ ကရုဏာဆိုတာ မိမိနဲ့ သူတစ်ပါးကို ခြိမ်းခြောက်နေတဲ့ ကြောက်ရွံ့မှု၊ စိတ်ပူလောင်မှု၊ စိတ်ပင်ပန်းမှု၊ စိတ်ဖိအားကို ဖယ်ရှားပေးနိုင်တဲ့ အစွမ်းသတ္တိဆိုတာ၊ ဒါတွေကို ကရုဏာစိတ်နဲ့ကြည့်ပေး၊ ကိုယ်ချင်းစာနာတတ်အောင် လေ့ကျင့်ပေးတဲ့ ကုထုံးသာဖြစ်တယ်။

စိတ်ခံစားမှုဆိုင်ရာ ဦးနှောက်လုပ်ဆောင်လည်ပတ်တဲ့ စနစ်သုံးခုမှာ Threat System က ကျုံ့လာပြီး ကရုဏာအပြည့်ရှိတဲ့ အစိတ်အပိုင်းက ဖွံ့ဖြိုးကြီးထွားလာစေတာကြောင့် အကောင်းမြင်တတ်တဲ့ ဟော်မုန်းအကောင်းတွေ ပြည့်လာထွက်လာပါတယ်။ သူဟာ အကောင်းမြင်ဝါဒီသမားဖြစ်လာစေပါတယ်။ မှန်မှန်ကန်ကန်တွေးတတ်၊ မြင်တတ်၊ သုံးသပ်တဲ့စိတ်၊ ဆုံးဖြတ်ချက်ကောင်းချနိုင်တဲ့စွမ်းရည် ပြည့်လာတာကြောင့် လူတစ်ဦးချင်းမှသည် တစ်နိုင်ငံလုံးအထိ စိတ်ခွန်အားကောင်းမွန်လာပြီး နှလုံးသားကောင်းဖြစ်လာကြမှာ ကျိန်းသေမလွဲပါ။ ဒါဟာ သစ္စာလေးပါးမှာ ဒုက္ခသစ္စာကို ဖယ်ရှားနည်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ရှစ်ပါးလုံးခြုံငုံမိတဲ့ လမ်းကြောင်းဖြစ်ပါတယ်။

စာရေးသူတို့ရဲ့ အောက်စဖို့ဒ်ကမ္ဘာ့သာသနာပြုဆရာတော်က တပည့်စာသင်သားတွေကို ကရုဏာကမ္မဋ္ဌာန်း၊ မုဒိတာ ကမ္မဋ္ဌာန်း အမြဲတမ်းလေ့ကျင့်အားထုတ်စေပါတယ်။ ပထမဆုံး မိမိခက်ခဲရုန်းကန်ခဲ့ရတဲ့ ဒုက္ခတွေကို ကရုဏာမျက်လုံး၊ ကရုဏာစိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် အရင်ကရုဏာပွားခိုင်းပါတယ်။ ပြီးမှ မိမိသိကျွမ်းခင်မင်ရင်းနှီးသူမိဘ၊ မောင်နှမ၊ သားသမီးတွေရဲ့ ဒုက္ခတွေကို ကရုဏာပွားစေပါတယ်။ နောက်တစ်ဆင့်ကျမှ မိမိမသိတဲ့သူစိမ်းတွေရဲ့ ဒုက္ခကို စာနာစိတ်၊ ကရုဏာမျက်လုံးနဲ့ကြည့်ခိုင်းပြီး ကရုဏာပွားကြရပါတယ်။

မုဒိတာကမ္မဋ္ဌာန်းကိုလည်း အလားတူ အဆင့်သုံးဆင့် ပွားခိုင်းပါတယ်။ ပထမဆုံး မိမိကိုယ်မိမိ ဂုဏ်ယူစရာ၊ ဝမ်းမြောက်ဖွယ်ရာတစ်ခုခုကို မုဒိတာပွားစေပါတယ်။ ဒီကနေ့ထိ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပြုစုဖေးမခဲ့တဲ့ မိဘတွေ၊ မောင်နှမတွေ၊ မိတ်ဆွေ ဆရာသမားတွေရဲ့ အောင်မြင်မှု၊ ကြိုးပမ်းမှုတွေကို ဝမ်းမြောက်သော မုဒိတာစိတ်ပွားစေပါတယ်။ နောက်တစ်ဆင့် သူစိမ်းကိုဖြစ်ပါတယ်။ ဥပမာ – ဆောက်လုပ်ရေးအလုပ်သမားတွေ၊ မိုးထဲ၊ လေထဲ မြင့်မားတဲ့အဆောက်အအုံကြီးတွေ၊ လမ်းတွေ၊ တံတားတွေ သူတို့ ချွေးနဲ့ လုပ်အားနဲ့ ကြိုးပမ်းခဲ့လို့ ဒီလိုတောင်ကမ်းပါးတွေကို ထွင်းထုလမ်းဖောက်ပေးခဲ့ကြလို့ ဒီလို စိတ်ချမ်းချမ်းသာသာ သွားလာနိုင်တာရယ်လို့ တွေးပြီးဝမ်းမြောက်ကြပါ။

ဒီလို ကရုဏာပွား၊ မုဒိတာပွားနေတဲ့အချိန်ကြာလာလေ ဦးနှောက်က အကောင်းမြင်ဟော်မုန်းတွေ များများထွက်လေ၊ ဦးနှောက်နှလုံးသွေး စီးဆင်းလည်ပတ်မှုကောင်းပြီး ကျန်းမာရေး ပိုကောင်းတာ၊ စိတ်ကျန်းမာ၊ ကိုယ်ကျန်းမာတာ ပညာရှိကြီးတွေက ကိန်းဂဏန်းနဲ့ သက်သေပြခဲ့ကြပါပြီ။

ညမအိပ်ခင် ၁၅ မိနစ်လောက်ပဲ ကရုဏာ၊ မုဒိတာ ပွားပေးခြင်းဖြင့် ရှစ်ပတ်လောက်အကြာမှာ ဦးနှောက်ကို Functional MRI ရိုက်တော့ သိသာထင်ရှားတဲ့ ဓာတ်ခွဲခန်းအတည်ပြုချက်တွေ တွေ့ရှိခဲ့ကြတာကို တက္ကသိုလ်တော်တော်များများရဲ့ သုတေသနဓာတ်ခွဲခန်းတွေက သက်သေထူလို့ နေပါပြီ။

ကိုယ်ဖြစ်ချင်တဲ့ အရာတစ်ခုခုကို အာရုံစူးစိုက်လိုက်ခြင်းဟာ Motivation ရဲ့ စေ့ဆော်လှုံ့ဆော်မှုကြောင့် ဦးနှောက်ရဲ့ Drive System အလွန်အားကောင်းနေပါတယ်၊ ပျော်ရွှင်အားတက်နေပါတယ်။ ဒါပေမဲ့ ဒီပျော်ရွှင်မှုဟာ တစ်ခဏတာပဲ၊ ပြီးရင်ပျောက်သွားတာပဲ၊ စိတ်ဆိုးဒေါသဖြစ်လာတော့ Threat System က ပိုအားကြီးသွားပြန်ပါရော။

ဥပမာ – ကြောင်လေးတစ်ကောင်ကို ကြည့်ရအောင်ပါ။ သူဗိုက်ဆာနေတဲ့အချိန် ကြွက်ကိုတွေ့ရင် ဒီကြွက်ကို အမိအရဖမ်းစားဖို့ အားစိုက်နေမှာလေ။ အားစိုက်လေ Drive System က အားကောင်းလေပဲဖြစ်ပါတယ်။ စားပြီးဗိုက်တင်းသွားတော့ အေးအေးဆေးဆေးပဲ ဆိုဖာပေါ်၊ သမံတလင်းပေါ် အေးအေးလူလူ အိပ်ချင်အိပ်မယ်။ အိမ်သားတစ်ဦးဦးရဲ့ပေါင်ပေါ်တက်ပြီး ပွတ်သပ်ယုယမှုခံချင်ခံမယ်၊ ဒါဟာ ဦးနှောက် Soothing System ပါပဲ။ ရုတ်တရက် ခွေးဟောင်သံကြားတော့လန့်ပြီး ခွေးကိုပြန်ကုတ်ခြစ်ဖို့ တခွီးခွီးမာန်ဖီပြီး ပြန်တိုက်ဖို့ ကြိုးစားမယ်၊ နိုင်မလား၊ မဟုတ်ရင် လွတ်ရာသစ်ပင်ပေါ်၊ အိမ်ခေါင်မိုးပေါ် ပြေးတက်မလားဆိုတဲ့ Fight သို့မဟုတ် Flight စဉ်းစားလှုပ်ရှားနေရတော့ ဦးနှောက် Threat System က ပိုအားကောင်းသွားပြန်ပါတော့တယ်။

**စာမျက်နှာ ၁၅ သို့** ◆

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဇန်နဝါရီ ၆

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပန်းဆိုးတန်းခုံးကျော်တံတားပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန်ရေးသားထားသည့်ပိုတ်စအား ချိတ်ဆွဲထားသည်ကိုတွေ့ရှိရသဖြင့် ထိုသို့ချိတ်ဆွဲထားသူများအား စုံစမ်းဖော်ထုတ်ခဲ့ရာ သာကေတမြို့နယ် အမှတ်(၁)ရပ်ကွက်နေ အာကာမင်း(ခ)ရန်ချို(၂၀)နှစ်နှင့် ကိုဇင်(စိစစ်ဆဲ)တို့နှစ်ဦးဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ အာကာမင်း(ခ)ရန်ချိုအား ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဒီဇင်ဘာ ၂၉ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း (ပ)၉၄၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ မာဃရပ်နေ မဝင်းမိုးပြည့်(၂၅)နှစ်သည် ၎င်းအသုံးပြုသည့် "LEONAR" TikTok လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေသည့်စာသားများ ရေးသားကာ စည်းရုံး/လှုံ့ဆော်ထားသည်ကို စိစစ်တွေ့ရှိရသဖြင့် ဝင်းမိုးပြည့်အား ဒီဇင်ဘာ ၃၁ ရက်တွင် မြင်းမူမြို့မရဲစခန်း (ပ)၂၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

ထို့ပြင် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် သာကေတမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် သာကေတမြို့နယ် ၄/မြောက်ရပ်ကွက် အောင်ဇေယျလမ်းပေါ်အရောက်၌ အဆိုပါရပ်ကွက်နေ အောင်ပြည့်ဖြိုး(ခ)ရှဖီး(၄၁)နှစ်သည် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် အောင်ဇေယျလမ်းဘေး၌ စိုက်ထူထားရှိသည့် ဗီနိုင်းဆိုင်းဘုတ်အား အုတ်ခဲဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့ရာ အဆိုပါဗီနိုင်းဆိုင်းဘုတ်တွင် တစ်ပေခန့် ပေါက်ပြဲပျက်စီးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အောင်ပြည့်ဖြိုး(ခ)ရှဖီးအား ဒီဇင်ဘာ ၃၁ ရက်တွင် သာကေတမြို့မရဲစခန်း (ပ)၇၀၆/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

ယင်းအပြင် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၄)ရပ်ကွက်နေ ဝင်းမောင်ဖြူ(၅၆)နှစ်သည် ၎င်းအသုံးပြုသည့် "Win Maung Phyu" Facebook Account ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ထပ်ဆင့်ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် ဝင်းမောင်ဖြူအား ဇန်နဝါရီ ၂ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း (ပ)၄/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်ဖမ်းဆီးပြီး တရားခံများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင်အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "NovelNovel" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျိုကုန်းရပ်ကွက်နေ နိုဘယ်ဆန်း(ခ)နိုနိုအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "သက်နိုင်" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ငါန်းဇွန်မြို့နယ် လေးထောင့်ကန်ကျေးရွာနေ သိန်းမွေး(ခ)သက်နိုင်အား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က အထက(၄) မြတ်ပန်းသဇင်ခန်းမ၌ကျင်းပရာ မြန်မာအမျိုးသမီးများနေ့ (အလယ်တန်းအဆင့်) စာစီစာကုံး တိုင်းဒေသကြီးအဆင့် ပထမဆုရ အထက(၁၀)တာမွေမှ မအမရာမိုးစက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိဆွေက ဆုပေးအပ်ချီးမြှင့်စဉ်။ ပိုင်ပိုင်

◆ စာမျက်နှာ ၁၄ မှ

### ကရုဏာမျက်လုံးသစ်၊ အဆိပ်ကင်းဦးနှောက်

စာရေးသူတို့အားလုံး ကျန်းမာပျော်ရွှင်တဲ့ဘဝနေထိုင်နည်းကို မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ နေထိုင်ခြင်းဖြင့်သာ ရနိုင်မှာဖြစ်ပါတယ်။

ဘူတန်နိုင်ငံကို ဥပမာအနေနဲ့ ကြည့်ရင်ဖြင့် နိုင်ငံတော်ရဲ့ ပျော်ရွှင်မှုကိန်းအညွှန်း National Happiness Index (NHI) ဟာ ၂၀၂၂ ခုနှစ်မှာ လူဦးရေအားလုံးရဲ့ ၇၇ ဒသမ ၆ ရာခိုင်နှုန်းရှိတာ တွေ့ရပါတယ်။ ဒီ NHI ကို ၁၉၇၂ ခုနှစ်က ဘူတန်ဘုရင်လက်ထက်မှာ နိုင်ငံသားတွေရဲ့ သာယာဝပြောမှု၊ ကျန်းမာရေး၊ ပညာရေးကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတဲ့ ကိန်းအညွှန်း ၃၃ ချက်ကို အခြေခံပြီး သေချာစီမံကိန်းချ အကောင်အထည်ဖော်ခဲ့တာကို နမူနာယူသင့်ပါတယ်။

နိုင်ငံသားတိုင်းပျော်ရွှင်ဖို့ အဓိကဦးစားပေး စီမံကိန်းအကောင်အထည်ဖော်နိုင်ဖို့၊ ဗုဒ္ဓရဲ့ ဖြဟ္မစိုရ်တရားကို ကလေးငယ်ကတည်းက ကျောင်းတိုင်း မကျင့်မနေရ အခြေခံကျကျ လေ့ကျင့်ပျိုးထောင်ဖို့ စီမံကိန်းလိုအပ်နေပါပြီ။ အနောက်တိုင်းပညာရှင်တွေ အောင်မြင်တဲ့ဆေးသိပ္ပံ ကရုဏာကုထုံး Compassionate Focused Therapy (CFT) ဟာ ဗုဒ္ဓရဲ့ဖြဟ္မစိုရ်တရားကို ဆရာဝန်ကြီးတွေ ကိုယ်တိုင် လက်တွေ့လေ့ကျင့်ပြီးမှ ဓာတ်ခွဲခန်းမှာ အတည်ပြုခဲ့တဲ့ ဆေးသိပ္ပံကရုဏာပါ။

ဝေးဝေးသွားရှာနေစရာမလိုပါဘူး။ ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ မြန်မာပြန် အခန်း ၉ မှာ ဂဃနဏ ဖော်ပြထားပါတယ်။ ဒီကနေ့ မြန်မာမှာ၊ ကမ္ဘာမှာဖြစ်ပွားနေတဲ့ ခြိမ်းခြောက်မှု၊ အနိဋ္ဌာရုံတွေကို ကရုဏာ၊ မုဒိတာနဲ့ ကျော်လွှားနိုင်ဖို့ ဝရဇိန်လက်နက်တွေဟာ မိမိလက်ထဲမှာပဲရှိပါတယ်။ မိမိတို့ လက်တစ်ကမ်းမှာပဲရှိပါတယ်။ ကရုဏာထား ကိုယ်ချင်းစာနာစိတ်ကို လေ့ကျင့်ပေးရင် Soothing System က အေးငြိမ်းမှုရပြီး ကြောက်ရွံ့ထိတ်လန့် ခြိမ်းခြောက်ခြင်းဆိုတဲ့ ဦးနှောက် Threat System က ကျုံ့သွားတာ ဆေးသိပ္ပံက အတည်ပြုထားနိုင်ပြီဖြစ်လို့ ဒီဖြဟ္မစိုရ်တရား ခန်းခြောက်မှုကို ပြန်အသက်သွင်းဖို့၊ နိုင်ငံတော်အဆင့် စီမံကိန်းချဖို့ အချိန်တန်ပြီလို့ ယူဆပါတယ်။

> **ကရုဏာဆိုတာ မိမိနဲ့ သူတစ်ပါးကို ခြိမ်းခြောက်နေတဲ့ ကြောက်ရွံ့မှု၊ စိတ်ပူလောင်မှု၊ စိတ်ပင်ပန်းမှု၊ စိတ်ဖိအားကို ဖယ်ရှားပေးနိုင်တဲ့ အစွမ်းသတ္တိဆိုတာ၊ ဒါတွေကို ကရုဏာစိတ်နဲ့ ကြည့်ပေး၊ ကိုယ်ချင်းစာနာတတ်အောင် လေ့ကျင့်ပေးတဲ့ ကုထုံးသာဖြစ်တယ်။**
>
> **စိတ်ခံစားမှုဆိုင်ရာ ဦးနှောက်လုပ်ဆောင်လည်ပတ်တဲ့ စနစ်သုံးခုမှာ Threat System က ကျုံ့လာပြီး ကရုဏာအပြည့်ရှိတဲ့ အစိတ်အပိုင်းက ဖွံ့ဖြိုးကြီးထွားလာစေတာကြောင့် အကောင်းမြင်တတ်တဲ့ ဟော်မုန်းအကောင်းတွေ ပြည့်လာ ထွက်လာပါတယ်။ သူဟာ အကောင်းမြင်ဝါဒီသမား ဖြစ်လာစေပါတယ်။ မှန်မှန်ကန်ကန်တွေးတတ်၊ မြင်တတ်၊ သုံးသပ်တဲ့စိတ်၊ ဆုံးဖြတ်ချက်ကောင်းချနိုင်တဲ့စွမ်းရည် ပြည့်လာတာကြောင့် လူတစ်ဦးချင်းမှသည် တစ်နိုင်ငံလုံးအထိ စိတ်ခွန်အားကောင်းမွန်လာပြီး နှလုံးသားကောင်းဖြစ်လာကြမှာ ကျိန်းသေမလွဲပါ။ ဒါဟာ သတ္တလေးပါးမှာ ဒုက္ခသတ္တာကို ဖယ်ရှားနည်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပရှစ်ပါးလုံး ခြုံငုံမိတဲ့လမ်းကြောင်းဖြစ်**

ကျောင်းတိုင်း၊ အလုပ်ခွင်တိုင်း၊ မွမ်းမံသင်တန်းတိုင်းမှာ စီမံကိန်းချပြီး နှိုးဆော်လေ့ကျင့်ပေးနိုင်ရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပျော်ရွှင်တဲ့နှလုံးသား၊ ပညာရှိနှလုံးသား၊ အဆိပ်ကင်းတဲ့ဦးနှောက်နဲ့ နေ့စဉ်ဘဝဖြတ်သန်းနိုင်မှာဖြစ်လို့ ဘူတန်နိုင်ငံလို Gross National Happiness နိုင်ငံတော်အဆင့် ပျော်ရွှင်မှုကိန်းအညွှန်းမရှိသည့်တိုင်အောင် အဆိပ်ကင်းတဲ့၊ ဦးနှောက်ဟန်ဆောင်မှုကင်းတဲ့ နှလုံးသား ကရုဏာမျက်လုံးတွေနဲ့ နိုင်ငံမှာ တစ်ဦးတစ်ယောက်စီတိုင်း ဗုဒ္ဓနည်းနဲ့ ပျော်ပျော်ရွှင်ရွှင် အသက်ရှင်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ယနေ့ မြန်မာနဲ့ ကမ္ဘာမှာ ခြိမ်းခြောက်မှုတွေကို မိမိနဲ့ သူတစ်ပါးမှာ ကိုယ်ချင်းစာနာစိတ်နဲ့ ကျော်လွှားအနိုင်ယူနိုင်မှာ မလွဲပါ။

**အချုပ်အားဖြင့် မိမိကိုယ်မိမိက ကရုဏာစိတ်မွေးပါ၊ ပြီးလျှင် တစ်ပါးသူကို ကရုဏာစိတ်မွေးပါ။ ကရုဏာမျက်လုံးသစ်များဖြင့် ကြည့်မြင်တတ်ကြပါစေ၊ ပညာရှိနှလုံးသားဖြင့် နိုင်ငံကို ပြန်လည်တည်ဆောက်ကြပါစို့။** ။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သင်္ချာဘာသာရပ် သိကောင်းစရာ

ဒေါက်တာအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

သင်္ချာဘာသာရပ်မေးခွန်းတွင် အခန်းအားလုံးမှ ပါဝင်မှာဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁၁ ခန်းအားလုံးကို လေ့လာထားရပါမည်။ အခြေခံသိရှိနားလည်ထားရမည်ကို မေးသောမေးခွန်းများနှင့် ကိုယ်တိုင်တွက်ချက် စဉ်းစားတွေးခေါ်မှုကို အားပေးသော မေးခွန်းများ ပါဝင်ပါမည်။ အလွတ်ကျက်မှတ်၍ ရေးသားဖြေဆိုရသော မေးခွန်းများ မပါဝင်ပါ။ ဒါကြောင့် သင်္ချာပုစ္ဆာများကို ကိုယ်တိုင်စဉ်းစား တွက်ချက်ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရပါမည်။ သင်္ချာဘာသာရပ်အတွက် စာမေးပွဲမှာ Non Programmable Calculator အသုံးပြုနိုင်ပါသည်။

သင်္ချာမေးခွန်းလွှာသည် ဖြေဆိုချိန် (၃)နာရီဖြစ်ပြီး **Section A, Section B, Section C** နှင့် **Section D** အပိုင်း ၄

**Section A** မေးခွန်းနံပါတ် 1 မှ 10 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၁ မှတ် ဖြစ်ပါသည်။ တစ်ပုဒ်လျှင် A, B, C, D တို့မှ တစ်ခုရွေးချယ်ရမည့် ဓမ္မဓိဋ္ဌာန် ပုံစံဖြစ်ပါသည်။

**Section B** မေးခွန်းနံပါတ် 11 မှ 20 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၂ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာရေးရမည့် ပုံစံဖြစ်ပါသည်။

**Section C** မေးခွန်းနံပါတ် 21 မှ 30 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၃ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါသည်။

**Section D** မေးခွန်းနံပါတ် 31 မှ 38 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၅ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျ ရေးပြရန် လိုအပ်ပါသည်။

မေးခွန်းလွှာတွင် အခန်းအားလုံးပါဝင်မည် ဖြစ်ပါသည်။

- အခန်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့မှ ၅၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- အခန်း ၇ (Section 7.5 မပါ) နှင့် အခန်း ၈ (Section 8.2, Section 8.4 မပါ) တို့မှ ၁၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- Section 7.5, Section 8.2, Section 8.4 နှင့် အခန်း ၉၊ အခန်း ၁၀၊ အခန်း ၁၁ ပါဝင်သော calculus အပိုင်းမှ အမှတ် ၃၀ ပါဝင်မည်ဖြစ်ပါသည်။

မေးခွန်းအားလုံး ဖြေဆိုရမည် Answer **ALL** Questions ဖြစ်ပြီး စဉ်းစားတွက်ချက် ဖြေဆိုရမည့် ပုစ္ဆာအမျိုးအစားများဖြစ်ပါသည်။ မေးခွန်းလွှာ၏ အခန်းအလိုက် အမှတ်ပေးမှုဇယားကို ဖော်ပြထားပါသည်။

| Chapter | Section A | Section B | Section C | Section D | Total |
|---|---|---|---|---|---|
| 1 | 1 | 2 | 3 | 5 | 11 |
| 2 | - | - | 3 | 5 | 8 |
| 3 + 4 | 1 | 2 | 3+3 | 5 | 14 |
| 5 | 1 | 2 | 3 | 5 | 11 |
| 6 | 1 | 2 | 3 | 5 | 11 |
| 7.1, 7.2, 7.3, 7.4 | 1 | 2 | - | 5 | 8 |
| 8.1, 8.3 | 1+1 | 2 | 3 | - | 7 |
| 9 + (7.5, 8.2, 8.4) | 1 | 2 | 3 | 5 | 11 |
| 10 | 1 | 2+2 | 3 | - | 8 |
| 11 | 1 | 2 | 3 | 5 | 11 |
| Total | 10 | 20 | 30 | 40 | 100 |

ပြဋ္ဌာန်းစာအုပ်ပါ အရေးအသားများဖြင့် ကိန်းပြောင်းမေးသည့်အခါ မှန်အောင်ဖြေဆိုနိုင်ရေး လေ့ကျင့်ထားရပါမည်။ ပုစ္ဆာများကို ကိန်းပြောင်းမေးသည့်အခါ မှန်အောင်တွက်နိုင်မှု အားနည်းကြသည်ကို တွေ့ရှိခဲ့ရပါသည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆွေးနွေးရှင်းလင်းတင်ပြပါမည်။

**Chapter 1 Complex Numbers** အခန်းတွင် ပထမဦးစွာ Pure Imaginary Unit *i* ကို မိတ်ဆက်တင်ပြပါသည်။ ကိန်းစစ် x အတွက် x သည် သုညဖြစ်လျှင် $x^2$ သည် သုည၊ x သည် သုည မဟုတ်လျှင် $x^2$ သည် သုညထက် ကြီးသည့်အချက်အရ ညီမျှခြင်း $x^2=-4$ တွင် ကိန်းစစ်အဖြေမရှိပါ။ အကယ်၍ ကိန်းစစ်မဟုတ်သော ကိန်းအမျိုးအစား တစ်ခုခု (*i* ဟုထားပါစို့)ရှိပြီး သိထားပြီး အက္ခရာသင်္ချာလုပ်ထုံးများအတိုင်း တွက်ချက်နိုင်သည့်အပြင် $i^2=-1$ ဖြစ်နေပါက $(2i)^2=4i^2=4(-1)=-4$ နှင့် $(-2i)^2=4i^2=4(-1)=-4$ ဖြစ်သည့်အတွက် $x^2=-4$ ညီမျှခြင်းအတွက် $2i$ နဲ့ $-2i$ အဖြေနှစ်ခု ရရှိပါမည်။ ထို့ကြောင့် *i* နှင့် ကိန်းစစ်တို့တွဲဖက်၍ ကိန်းစစ်စနစ်ကို တိုးချဲ့စဉ်းစားနိုင်ရန် အတွက် Complex number x + yi ကို ကိန်းစစ် x နှင့် y ၏ ordered pair (x, y) အဖြစ် (x, y) တို့၏ Equality နှင့် Operation များဖြစ်သော ပေါင်းခြင်းနှင့် မြှောက်ခြင်းတို့အရ အဓိပ္ပာယ်သတ်မှတ်ပါသည်။ Complex number တို့၏ ပေါင်းနုတ်မြှောက်စားလုပ်ထုံးများ၊ Complex number ၏ Conjugate Absolute Value များကို တင်ပြထားပြီး Complex number တစ်ခု၏ Trigonometric Form ကို ဖော်ပြထားပါသည်။ Trigonometric Form ကို အသုံးပြု၍ တွက်ချက်ခြင်းများနှင့် Complex number တစ်ခု၏ root များရှာပုံကိုလည်း ဖော်ပြထားပါသည်။

**Chapter 2 Mathematical Induction** အခန်းတွင် ပုစ္ဆာပါ ပေးထားချက်မှ သဘာဝကိန်း n နှင့် သက်ဆိုင်သော Statement မှန်ကန်ကြောင်းသက်သေပြရာတွင်

- ပထမဦးစွာ n = 1 အတွက် မှန်ကန်ကြောင်း (Initial Step) သက်သေပြရသည်။
- ထို့နောက် Induction Hypothesis ဖြစ်သည့် n = k အတွက် မှန်ကန်သည်ဟုထား၍
- n = k + 1 အတွက် မှန်ကန်ကြောင်း သက်သေပြပြီး

ပေးထားချက် Statement သည် သဘာဝကိန်းအားလုံးအတွက် မှန်ကန်သည်ဟု ကောက်ချက်ချသည်။

သတိပြုရမည့်အချက်မှာ ပုစ္ဆာတွင် သဘာဝကိန်း n သည် ဖော်ပြထားချက် Statement ကို မည်သည့်သဘာဝကိန်းမှစ၍ မှန်ကန်သည့် Statement ဖြစ်သည်ကို သတိပြုရမည်။ ဥပမာ $n \geq 5$ ဟု ပေးထားလျှင် 5 အောက်ငယ်သော သဘာဝကိန်းများအတွက် သက်သေပြရန်မလိုပေ။ သဘာဝကိန်း 5 နှင့် ယင်းထက် ကြီးသောကိန်းများအတွက်သာမှန်ကန်သဖြင့် Initial Step တွင် ပေးထားသော Statement အတွက် မှန်ကန်ကြောင်းကို n = 5 မှစ၍ သက်သေပြရမည်ကို သတိပြုရမည်။

**Chapter 3 Analytical Solid Geometry** အခန်းတွင် Three Dimensional Space ထဲရှိ Point တစ်ခု၏ Coordinates များ သတ်မှတ်ရေးသားပုံ၊ ပြင်ညီများ (planes) ၏ Equations များနှင့် Coordinates တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယင်း Planes များနှင့် ပြိုင်နေသော ပြင်ညီများ၊ ထောင့်မတ်ကျနေသောမျဉ်းများ၏ Equations နှင့် Directed Values, Parallel Lines, Skew Lines နှင့် Perpendicular Lines များကိုဖော်ပြထားသည်။ Directed Values များကို အသုံးပြု၍ Coordinates form of the Line Equation $(x,y,z)=(x_1+lk,y_1+km,z_1+kn)$ရေးသည်။ Directed Values များ သုညနှင့် မတူပါက $\frac{x-x_1}{l}=\frac{y-y_1}{m}=\frac{z-z_1}{n}$ ဟုရေးနိုင်သည်။ Line တစ်ခုထဲပေါ်တွင် မကျရောက်သော အမှတ်သုံးမှတ်ကို သိလျှင် Plane Equation ကို ရှာနိုင်ပြီး၊ Sphere တစ်ခု၏ Center နှင့် Radius တို့ကိုသိလျှင် ထို Sphere Equation ကိုရှာနိုင်သည်။

**Chapter 4 Vector Algebra** အခန်းတွင် Three-dimensional Rectangular Coordinate System ရှိ vector များ၏ algebraic operations များ၊ Equal and Parallel vectors များ၊ Unit vector နှင့် Collinear points များပါဝင်သည်။ vector များ၏ အရေးကြီးသော operation များဖြစ်သည့် Scalar Product နှင့် Vector Product များကို နားလည်ထားရမည်။ Scalar Product ဆိုသည်မှာ algebraic နည်းအရဆိုလျှင် သက်ဆိုင်ရာ coordinate တန်ဖိုးများမြှောက်၍ ပေါင်းခြင်းဖြစ်ပြီး geometry နည်းအရဆိုလျှင် vectors နှစ်ခု၏ ပမာဏများနှင့် ယင်းတို့ကြားရှိထောင့်၏ cosine အချိုးတို့ မြှောက်ခြင်းနှင့်တူကြသည်။ scalar product ၏ algebraic နှင့် geometry ဂုဏ်သတ္တိများကိုနားလည်မှသာ ပုစ္ဆာများကို တွက်နိုင်မည်ဖြစ်သည်။ Scalar Product သည် Two-dimensional နှင့် Three-dimensional နှစ်ခုစလုံးတွင် တွက်နိုင်သော်လည်း Vector Product သည် Three-dimensional တွင်သာ တွက်နိုင်သည်။ Vector Product ကို သိခြင်းအားဖြင့် အနားပြိုင်စတုဂံ၏ ဧရိယာကိုသိရှိနိုင်ပြီး ထိုမှတစ်ဆင့် တြိဂံတစ်ခု၏ ဧရိယာကိုလည်း ဆက်လက်၍ သိရှိနိုင်သည်၊ Vector Product ၏ algebraic နှင့် geometric ဂုဏ်သတ္တိများကိုလည်း သိရှိထားရပါမည်။ ထို့နောက် line တစ်ခု၏ direction vector နှင့် ထို line ပေါ်ရှိ အမှတ်တစ်မှတ်သိလျှင် ထို line ၏ equation ကို ရှာနိုင်သည်။ plane ပေါ်ရှိ ကြိုက်ရာအမှတ်တစ်မှတ်၊ plane နှင့်ဆိုင်သော ကြိုက်ရာမပြိုင်သော vector နှစ်ခုကို အသုံးပြု၍ plane ညီမျှခြင်း ရှာနိုင်သည်။ ထို့အပြင် Plane တစ်ခု၏ Normal Vector နှင့် Plane ပေါ်ရှိ အမှတ်တစ်မှတ်ကိုသိလျှင် ထို Plane Equation ရှာနိုင်ပါသည်။

**Chapter 5 Permutations and Combinations** အခန်းတွင် Counting Principle များနှင့် ဆက်စပ်၍ Permutations နှင့် Combinations ဆိုင်ရာ တွက်ချက်မှုများကို ပြုလုပ်ရမှာဖြစ်ပါသည်။ Permutation ဆိုသည်မှာ အစုတစ်ခု (Set) အတွင်းမှ အရာဝတ္ထုများကို အစီအစဉ် (Order) အတိုင်း စီစဉ်ထားခြင်း (An Ordered Arrangement) တစ်ခုကို ဆိုလိုပါသည်။ Permutation တွင် ရွေးချယ်လိုက်တဲ့ အရာဝတ္ထုတွေရဲ့ နေရာ/အစီအစဉ် (Position/Order) က အရေးကြီးပါသည်။ ဥပမာ-ဂဏန်း ၃ လုံးဖြစ်တဲ့ (၁၊ ၂၊ ၃) ကို စီစဉ်မယ်ဆိုရင် (၁၂၃) နဲ့ (၃၂၁) တို့သည် Permutation အရ မတူညီတဲ့ စီစဉ်မှုနှစ်ခု ဖြစ်ပါသည်။ သော့ခလောက် code နံပါတ်၊ ပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယ သတ်မှတ်ခြင်းစသည်တို့ ဖြစ်ပါသည်။ Combination ဆိုသည်မှာ အစုတစ်ခု (Set) အတွင်းမှ အရာဝတ္ထုများကို အစီအစဉ်ကို ထည့်မတွက်ဘဲ ရွေးချယ်စုဆောင်းထားခြင်း (An Unordered Collection) တစ်ခုပင် ဖြစ်သည်။ Combination တွင် ဘယ်အရာဝတ္ထုတွေကို ရွေးချယ်လိုက်သလဲဆိုတာသာ အရေးကြီးပြီး ရွေးချယ်လိုက်တဲ့ အရာဝတ္ထုတွေရဲ့ နေရာ/အစီအစဉ်က အရေးမကြီးပါ။ ဥပမာ-အသီး ၃ မျိုးဖြစ်တဲ့ (သရက်သီး၊ ပန်းသီး၊ လိမ္မော်သီး)ထဲက ၂ မျိုးကို ရွေးမယ်ဆိုပါက (သရက်သီး၊ ပန်းသီး) ရွေးချယ်မှုဟာ (ပန်းသီး၊ သရက်သီး) ရွေးချယ်မှုနဲ့ Combination အရ အတူတူပဲဖြစ်ပါသည်။ Combination တွင် ကော်မတီအဖွဲ့ဝင် ရွေးချယ်ခြင်း၊ စားသောက်ဖွယ်ရာ ရွေးချယ်ခြင်း စသည်တို့ဖြစ်ပါသည်။ ဤအခန်း၌ တွက်ချက်ဖြေရှင်းရာတွင် အသုံးဝင်သည့် $n!$, ${}^nP_r$, ${}^nC_r$ စသည့် Notation များ၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ယင်းတို့၏ ဆက်သွယ်ချက်များနှင့် အသုံးပြုပုံများကို သိရှိရန်လိုပါမည်။ ထို့အပြင် Finite set တစ်ခု၏ အစုပိုင်း အရေအတွက်ကို နည်းလမ်းနှစ်ခုဖြင့် ရှာနိုင်ပုံ၊ ယင်းတို့ကို အခြေခံ၍ ဖော်ထုတ်ထားသော Binomial coefficient ဆိုင်ရာ ထပ်တူညီချက်နှင့် Counting Problem များ ဖြေရှင်းရာတွင် အသုံးပြုနိုင်ပုံတို့ကိုလည်း သိရှိရန်လိုသည်။ Miscellaneous Counting Problems အပိုင်း၌ Arrangement များ၏ Pattern (ဥပမာ ပုစ္ဆာတွက်ရာ၌ Form ဟု သုံးနှုန်းထားပါသည်) များ ဖော်ထုတ်စဉ်းစားခြင်းကဲ့သို့သော နည်းလမ်းများပါ ပေါင်းစပ်အသုံးပြု၍ Counting problem များကို ဖြေရှင်းရမည် ဖြစ်ပါသည်။ ပုစ္ဆာများကို နည်းမှန်၊ လမ်းမှန် စဉ်းစားဖြေရှင်းတတ်အောင် လေ့ကျင့်ထားမှသာ စာမေးပွဲမေးခွန်းများကို ဖြေဆိုနိုင်ပါလိမ့်မည်။

**Chapter 6 Conic Sections** အခန်းတွင် ဗဟို (h, k) နှင့် အချင်းဝက် r ရှိသော စက်ဝိုင်း၏ standard equation $(x-h)^2+(y-k)^2=r^2$ ကို ဖော်ပြထားသည်။ ထို standard equation ကို ဖြန့်ခြင်းအားဖြင့် ရရှိသောညီမျှခြင်းပုံစံ $x^2+y^2+2gx+2fy+c=0$ ကိုစက်ဝိုင်း၏ general equation ဟုခေါ်သည်။ $x^2+y^2+2gx+2fy+c=0$ ကို နှစ်ထပ်ကိန်းတိနည်းအရ $(x+g)^2+(y+f)^2=g^2+f^2-c$ ဟု standard equation ပုံစံမြင်နိုင်၍ စက်ဝိုင်း၏ဗဟို $(-g,-f)$ နှင့် အချင်းဝက် $\sqrt{g^2+f^2-c}$ ရသည်။ ဆက်လက်ပြီး parabola equation များ အကြောင်းကို တင်ပြထားသည်။ $y^2=4px$၌ axis of symmetry သည် x- axis (horizontal axis, y = 0) ဖြစ်မည်။ Focus သည် (p,0) အမှတ် ဖြစ်ပြီး directrix သည် $x=-p$ မျဉ်း ဖြစ်သည်။ x ၏ မြှောက်ဖော်ကိန်းသည် အပေါင်းဖြစ်သည့်အတွက် parabola သည် ညာဘက်သို့ ပွင့်နေမည်။

စာမျက်နှာ ၁၇ သို့ »»»

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဒေါ်အေးစန္ဒာဦး [၁၄/လမန(နိုင်)၁၀၆၂၈၅]၏ မိခင် ဒေါ်ခင်မြင့် [၁၄/လမန (နိုင်)၀၅၉၉၁၈]၏ အမည်မှာ ဒေါ်ခင်မြင့်နှင့် ဒေါ်တာရာဘီဘီ(ခ) ဒေါ်ခင်မြင့် ဖြစ်နေသော် လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်နေ မသိမ့်သိမ့်ဦး [၁၂/ဆကခ (နိုင်) ၀၂၉၀၁၂]၏ ဖခင်အမည် ဦးမျိုးဇော်ဦး [၁၄/မအပ (နိုင်) ၃၂၀၉၆၅]နှင့် ဦးမျိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## "ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်(၁၉၄)၊ ပထမထပ်၊ မျက်နှာမူလျှင်(ဘယ်)ဘက် တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာဝင်း [၉/တကန(နိုင်)၀၀၀၃၆၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို (၂၆-၄-၂၀၂၃)ရက်စွဲဖြင့် ဒေါ်ချောစုအေး [၁၂/သကတ(နိုင်)၂၁၆၂၈၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နီလာဝင်း [၉/တကန(နိုင်)၀၀၀၃၆၉]က "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ငွေပေးကတိစာချုပ်"ချုပ်ဆို၍ ရောင်းဖိုးငွေအပြည့်အဝ ပေးချေပြီး တရားဝင် လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော တိုက်ခန်းဖြစ်ပါသည်။

အဆိုပါတိုက်ခန်းတွင် သမီးဖြစ်သူ ဒေါ်မေဦးခိုင်နှင့် သမက်ဖြစ်သူတို့ကို ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားခြင်းဖြစ်ပြီး ယနေ့အချိန်ထိ ဒေါ်နီလာဝင်း တစ်ဦးတည်းသာ စီမံခန့်ခွဲ လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော တိုက်ခန်းဖြစ်ကြောင်းနှင့် ဒေါ်နီလာဝင်း၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နီလာဝင်း**
**[၉/တကန(နိုင်)၀၀၀၃၆၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃-လွှာ(C)၊ ဗညားဒလလမ်း။**
**အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၇၅၉)၊ လူနေရပ်ကွက်အမှတ်(၄၄)၊ မြေပေအကျယ် (၄၀ပေx ၆၂ ½ ပေ)၊ ဧရိယာ(၀.၀၅၇)ဧက၊ (၂၅၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေစာရင်းတွင် ဒေါ်တင်ရီ(S/OKA-၀၄၇၈၁၆) [၁၂/ဥကတ(နိုင်)၀၈၅၄၃၀]အမည်ပေါက် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း (၂၀ပေx ၆၂ ½ ပေ)ရှိ မြေကွက်ကို အမည်ပေါက် ဒေါ်တင်ရီမှ မိမိသာလျှင် တရားဝင် ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နီနီစိုး [၁၀/သဖရ(နိုင်)၀၀၀၈၄၁]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထား(မူရင်း)များနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင် (LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃-လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာ၊ ကွင်းအမှတ်-၅၉၁၊ ကွင်းအမည်-ဘိုးညှာတိကုန်းကွင်း၊ ဦးပိုင်အမှတ်-၁၁/၂၊ မြေလုပ်ကိုင်သူအမည် ဦးမင်းသိန်းအမည်ပေါက်သော မြေအကျယ် ၄.၅၆ ဧကအနက်မှ ညောင်ပင်သာယာရပ်ကွက်၊ ရွာလယ်လမ်း၊ မြေကွက်အမှတ် B2၊ အကျယ် ၄၀ ပေx၆၀ပေ** ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်သောစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သည်ဆိုသူ **ဦးသန်းအောင်ကျော် [၁၂/သဃက(နိုင်)၀၀၄၈၀၁]** က မိမိသာလျှင် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဦးထိုက်တိုး[၄/မတပ(နိုင်)၀၀၅၆၄၅]** က ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဟန်နီပိုင်ဆာန်** — **အထက်တန်းရှေ့နေ(စဉ်-၅၁၄၇၀)**
**ဦးပိုင်ဆာန်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၂၂)**
**အမှတ်-၁၀/၁၂၊ အခန်း ၁၀၄(စီ) ( ပထမထပ်)၊ ၃၅-လမ်းတို၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း-09-5160784**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊ မြဝတ်ရည်လမ်း၊ မြေကွက်အမှတ်(၁၂၅/က)၊ ဧရိယာအကျယ်(၂၀x၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးလှမိုး [၁၂/လကန (နိုင်)၀၉၇၉၀၇]အမည်ပေါက် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ် အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှဲ့လှဲ့ရှိန်[၁၂/ကမရ(နိုင်)၀၂၁၆၉၄]မှ အဆိုပါ အိမ်ခြံမြေကွက်အား မိမိမှရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့စ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ဖြူသန့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၁)**
**ဖုန်း-၀၉-၉၆၇၆၂၆၈၁၂**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း ၄-မျိုးအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်မှာ ၇-၁-၂၀၂၆ ရက်နေ့မှ ၁၃-၁-၂၀၂၆ ရက်နေ့အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်မှာ ၁၉-၁-၂၀၂၆ ရက်နေ့ (၀၉၀၀)နာရီ ဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ ဖြည့်တင်း/ထောက်ပံ့ရေး ဌာနခွဲ၊ ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၃၄၁၂၅၁၄ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ရဲဝတ်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃
## သင်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၂၃

**ဦးရန်နိုင်ဦး ------------------ လျှောက်ထားသူ**

**ကွယ်လွန်သူ ဦးညွှန့်မောင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာဆေးရုံလမ်း၊ အမှတ်-၄၇/C◌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညွှန့်မောင်၏ ကျန်ရစ်သော ဂရန်မြေအတွက် အမွေထိန်းစာထုတ်ပေးမည့်အကြောင်းနှင့် လျှောက်ထားသူ ဦးရန်နိုင်ဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ (၂၂)ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညွှန့်မောင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော် မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်နေ့တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန်ထရိုက်တာ ဦးအောင်မင်းဇော် [၁၂/အစန(နိုင်)၀၀၃၁၉၅]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်းသွယ်၊ အမှတ်(၂၅/ဃ) နေထိုင်သူ ဦးစောကစောဒေါ [၁၂/မရက(နိုင်)၀၄၃၃၆၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ခဝဲခြံ (၁) လမ်း၊ အမှတ် (၆၂၀/C) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးအောင်မင်းဇော် တာဝန်ယူ ဆောက်လုပ်လျက်ရှိသော အဆောက်အဦ ကန်ထရိုက်တိုက်မှ ကန်ထရိုက်တာ ဦးအောင်မင်းဇော်ရရှိသည့် ဒုတိယထပ်၊ (၃)လွှာ တိုက်ခန်းအား တန်ဖိုးငွေကျပ် (၉၅၀၀၀၀၀၀ိ/-) (ကျပ်သိန်းကိုးရာ့ငါးဆယ်တိတိ) ဖြင့် (၆-၃-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ဝယ်ယူထားခဲ့ပါသည်။ ထိုသို့ဝယ်ယူထားပြီး ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းတန်ဖိုးငွေအနက်မှ ငွေကျပ် (၉၀၀၀၀၀၀၀ိ/-) (ကျပ်သိန်းကိုးရာတိတိ) ကို ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေမှ ပေးချေရမည့် တိုက်ခန်းတန်ဖိုးငွေများကို စာချုပ်ပါအတိုင်း သတ်မှတ်ရက်တွင် ပေးသွင်းခဲ့သော်လည်း လူကြီးမင်းဘက်မှ သတ်မှတ်ကာလအတွင်း အဆိုပါတိုက်အဆောက်အဦတစ်ခုလုံးကို ပြီးစီးသည်အထိ တာဝန်ယူ ဆောက်လုပ်နိုင်ခြင်းမရှိဘဲ တိုက်အကြမ်းထည် အဆင့်ဖြင့်ထားရှိခဲ့ပြီး ကျွန်ုပ်တို့၏မိတ်ဆွေမှ လူကြီးမင်းထံ အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍မရဘဲ ရှောင်တိမ်းနေကြောင်း သိရှိရပါသည်။

ထိုသို့ လူကြီးမင်းဘက်မှ တိုက်အဆောက်အဦကို ပြီးစီးအောင်ဆောက်လုပ်ရမည့်တာဝန် ပျက်ကွက်ခဲ့သဖြင့် စာချုပ်ပါသတ်မှတ်သည့်နေ့တွင် တိုက်ခန်းလက်ရောက်အပ်နှံခဲ့ခြင်းမရှိ၍ လူကြီးမင်းဘက်မှ စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အဆိုပါတိုက်ခန်းတန်ဖိုးငွေများအနက်မှ ငွေကျပ်သိန်း (၉၀၀)အား ပေးချေခဲ့ပြီးဖြစ်၍လည်းကောင်း၊ တိုက်အဆောက်အဦကို မြေရှင်ဖြစ်သူ ဒေါ်ဂျိုးစဖခင်း(န်)လှထွေးမှ ပြီးစီးအောင် ဆက်လက်တာဝန်ယူဆောက်လုပ်သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ မြေရှင်နှင့်တွေ့ဆုံ၍ မိမိတိုက်ခန်းအတွက် ကုန်ကျစရိတ်အားအချိုးကျထည့်ဝင်၍ ဆက်လက်ဆောက်လုပ်ရသဖြင့်လည်းကောင်း၊ ယခုအခါအဆိုပါတိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေမှ လက်ရောက်ရယူပြီးဖြစ်၍ အဆိုပါတိုက်ခန်းမှာ ဦးစောကစောဒေါပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ကြောင်း လူကြီးမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောကစောဒေါ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးငြိမ်းချမ်းကိုကို**
**LL.B, D.B.L., D.I.L., WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၉၉၇)**

**ဒေါ်ကေဇင်ဦး**
**(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၈၈၉)**

**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၀၃၅၀၂၇၊ ၀၉-၇၉၅၅၆၃၃၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၅၊ ပီမိုးနင်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား၊ Retreat Villa (Type-2)၊ ချယ်ရီ(၁)လမ်း၊ Plot No.(1118)၊ အကျယ်အဝန်း(၃၀ x ၆၀)ပေ၊ ဧရိယာ(၁၈၀၀) Sqftရှိ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို IME Porperty Company Limited. မှ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ (ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ) ကုမ္ပဏီ၏ကိုယ်စား ဦးဟုန်ချင်ပန်း [၉/ပဥလ(နိုင်)၀၀၆၅၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ထွန်းမင်း [၁၃/တကန(နိုင်)၁၄၉၀၃၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးဇော်ထွန်းမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သဲစုထွေး (LL.B,D.B.L,D.M.L,D.I.L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၇၃)**
**အမှတ်- ၁၀၅၆၊ ဦးဘဇော်လမ်း၊ (၅၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၅၊ ပီမိုးနင်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား၊ Retreat Villa (Type-2)၊ ချယ်ရီ(၁)လမ်း၊ Plot No. (1117)၊ အကျယ်အဝန်း(၃၀x၆၀)ပေ၊ ဧရိယာ(၁၈၀၀) Sqft ရှိ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို IME Porperty Company Limited. မှ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ) ကုမ္ပဏီ၏ကိုယ်စား ဦးဟုန်ချင်ပန်း [၉/ပဥလ(နိုင်)၀၀၆၅၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်မျိုးဟန် [၉/မဟမ(နိုင်)၀၂၂၅၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးမြတ်မျိုးဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သဲစုထွေး (LL.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၇၃)**
**အမှတ်- ၁၀၅၆၊ ဦးဘဇော်လမ်း၊ (၅၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာညီနောင်လမ်း၊ အမှတ်(၁၈၃)ဟု ခေါ်တွင်သော (အလျား ၂၃ ပေ x အနံ ၅၅ ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချိုမာ မှတ်ပုံတင်အမှတ်[၁၂/မရက(နိုင်)၀၀၂၈၁၇] ထံမှ ဒေါ်ထူးရွှေရည်အောင် မှတ်ပုံတင်အမှတ် [၈/မကန(နိုင်)၂၁၀၈၃၄])က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အဆိုပါ မြေ၊ နေအိမ်အပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မူရင်းစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားများဖြင့် ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးဝင်းကိုကို**
**B.A, P.G.D.L, D.B.L, D.I.L, D.I.P.L**
**အထက်တန်းရှေ့နေ (စဉ် -၅၆၅၄၀)**
**အမှတ် (၂၀၀-ဘီ/မြေညီ)၊ စံပြရပ်ကွက်၊ စံပြ(၄)လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၂၁၈၈၆၄**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ဦးကောင်းဆက်လွင်(ဘ)ဦးခင်မောင်လွင် [၁၂/ကမတ(နိုင်)၀၇၃၂၈၇] နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဖြိုးသန့်စင်(ဘ)ဦးသန့်စင် [၁၂/မဂဒ(နိုင်)၁၃၀၁၁၀]တို့သည် (၂၄-၁-၂၀၂၁)ရက်နေ့တွင် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ကာ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာမှ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၃၀-၁၂-၂၀၂၅)ရက်နေ့တွင် ထိမ်းမြားခြင်းအနှောင်အဖွဲ့ကို ဖြတ်တောက်ကာ လင်ခန်းမယားခန်းအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဖြိုးသန့်စင်နှင့် ဦးကောင်းဆက်လွင်တို့သည် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအပြင် အခြားတစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေဖြိုးသန့်စင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၃/၂၀၁၇)**
**အမှတ် ၈၃/၁၀(ဒုတိယထပ်)၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-402698729**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၌ နေထိုင်သော မစုမြတ်မွန် [၁၂/တကန (နိုင်) ၂၂၅၀၉၇]၏ ဖခင်အမည်မှန်မှာ ဦးတင်လှနှင့် ဖိုနာသင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၃)၊ ဦးပိုင်အမှတ် (၂-စ+၂-ဆ/၁)၊ ၂၇လမ်း၊ ၆၅x၆၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့်ဦး [၉/မရမ(နိုင်) ၀၄၅၄၅၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

(ဘ)ဦးကျော်နိုင်၏သား ဦးနေလင်းဦး [၁၂/လကန(နိုင်)၂၃၇၀၉၅] နှင့် (ဘ)ဦးကျော်ဝင်းရွှေ၏သမီး ဒေါ်မေသန္တာကျော် [၁၂/တမန(နိုင်) ၁၃၄၇၄၆]တို့သည်(၂၁-၁၂-၂၀၂၅)ရက်နေ့၌ သက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းအလျဉ်းမရှိတော့ဘဲ နောက်နောင်တွင်လည်း တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှကို တစ်ဦးမှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း အလျဉ်းမပြုလုပ်ကြရန်နှင့် တစ်ဦးနှင့်တစ်ဦး လုံးဝ ပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးနေလင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယုမွန်သန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၄၆၅)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်းအင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၂၆၂၈၁၃**

## "အများသိရှိနိုင်စေရန်ကြေညာခြင်း"

"ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နွေးနွေးဦး [၁၂/ကမန(နိုင်) ၁၀၈၆၉၈]၏လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နွေးနွေးဦး [၁၂/ကမန(နိုင်)၁၀၈၆၉၈] နှင့်၎င်း၏ခင်ပွန်းဖြစ်သူ ဦးစည်သူဖြိုး [၁၂/မရက(နိုင်)၁၃၅၈၅၂]တို့သည် (၅-၁-၂၀၂၆)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ မှတ်ပုံတင်အမှတ်(၁/၂၀၂၆)ဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နွေးနွေးဦး [၁၂/ကမန(နိုင်)၁၀၈၆၉၈] နှင့် ခင်ပွန်းဖြစ်သူ ဦးစည်သူဖြိုး [၁၂/မရက(နိုင်)၁၃၅၈၅၂]တို့သည်တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့် တစ်ဦး နောက်နောင် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဥ္ဇာသိန်း (LL.B) (စဉ်-၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ခွာညိုလမ်း၊ မြေကွက်အမှတ်(၉၀၆/ခ)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ **ဦးတင်ဝင်း[၁၂/ဗဟန(နိုင်)၀၅၇၅၅၇]အမည်ပေါက်ပါမစ်** မြေကွက်အဖြစ်တည်ရှိပြီး ယခုရောင်းချသူများဖြစ်ကြသော ဦးညွန့်ဝင်း[၁၂/ဒဂရ(နိုင်)၀၁၆၉၆၄]၊ ဒေါ်သန်းသန်းနိုင်[၁၂/ဗဟန(နိုင်)၀၅၉၅၆၀]၊ ဒေါ်သင်းသင်းအောင်[၁၂/ဗဟန(နိုင်)၀၆၃၅၃၀]၊ ဦးသက်နိုင်ဦး[၁၂/ဒဂရ(နိုင်)၀၀၄၈၄၄]တို့မှ **မိမိတို့သာလျှင်** တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် **အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ** ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိငြိမ်း[၁၄/ကလန(နိုင်)၁၀၆၁၁၁]နှင့် ဒေါ်ငြိမ်းငြိမ်းထွေး[၁၄/ကလန(နိုင်)၁၀၆၂၀၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးချမ်းမွန် (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၄၇)**
**အခန်း(၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၀၂၅၈၉၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဇီးပင်ဝဲကျေးရွာ၊ ကွင်းအမှတ်–၁၀၄၂(A)၊ ကွင်းအမည်–ဂမုံးလဟာ၊ ဦးပိုင်အမှတ်– ၄၇၊ အမည်ပေါက်–ဒေါ်လုံးထံမှ ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသည့် ဒေါ်အေးသောင်း[၁၂/ လကန(နိုင်)၁၃၀၆၈၃]ပိုင်ဆိုင်သည့် အကျယ်အဝန်း(အလျား၈၅ပေxအနံ ၄၆ပေ)အနက်မှ အကျယ်အဝန်း (အလျား၄၃ပေ x အနံ၂၉ပေ )ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်မိတ်ဆွေ၏ကိုယ်စား ဦးသိန်းနိုင်စိုး[၇/ သနပ(နိုင်) ၈၈၇၉၈၇]မှ အပိုင်ဝယ်ယူရန်အတွက် (၂၈–၁၂–၂၀၂၅)ရက်နေ့တွင် **"နှစ်ဦးသဘောတူ ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်"**ချုပ်ဆိုပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိဝေ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်– ၅၃၅၉၉)**
**အမှတ်(၃၃၃)၊ နဝရတ်ရေစင်(၁)လမ်း၊ ပြည်တော်သာစက်မှုရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ Ph:09–261 446 441**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးမုလလား(ခ)ဦးနလယား [၁၂/သခန(ပြု)၀၀၁၉၄၉]နှင့် ဒေါ်မငယ်[၁၂/သခန(ပြု)၀၀၂၃၇၀]တို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့သဖြင့် (၅–၁–၂၀၂၆)ရက်နေ့တွင် လွတ်လပ်သော ကိုယ်ပိုင်ဆန္ဒများအရ အသိသက်သေများရှေ့မောက်၌ "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ"နှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကိုလည်း ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးမုလလား(ခ)ဦးနလယားနှင့် ဒေါ်မငယ်တို့သည် လွတ်လပ်သူများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ် သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်းနှင့် ရထိုက်ခွင့်ပစ္စည်း တစ်စုံတစ်ရာ ကျန်ရှိခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမုလလား(ခ)ဦးနလယားနှင့် ဒေါ်မငယ်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နွယ်နီလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၃၉)**
**အမှတ်–၁၉၇၊ အောင်သပြေလမ်း၊ (၃)ရပ်ကွက်၊ သုံးခွမြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/မြောက်)၊ မြေကွက်အမှတ်(၂၈၄/က)၊ မြေကွက်လိပ်စာအမှတ်(၂၈၄/က)၊ မြို့မ(၁၁)လမ်းအနောက်၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစား၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ **ဒေါ်နှင်းဝေလွင်[၁၂/သကတ(နိုင်)၁၆၃၀၇၇]**မှ အရပ်ကတိအရောင်း အဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့သော အိမ်၊ မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မိုးမိုးခိုင် [၁/ဝမန(နိုင်)၀၃၆၈၉၄]**မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးခိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၂၃)**
**အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09–778434507**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ သမဦးစီး(၂)လမ်း၊ ကွင်းအမှတ်(၁၀၃၈)၊ ကွင်းအမည် (၄က်ပျောတောကွင်း)၊ ဦးပိုင်အမှတ်(၉)၊ ဦးငွေစိုးအမည်ဖြင့် လှည်းကူးမြို့နယ်မြေစာရင်းဦးစီးဌာနတွင် အမည်ပေါက် မြေခွန်ထမ်းဆောင်ထားသည့် မြေကွက်ဧရိယာ(၀.၀၈)ဧကမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ– **ဒေါ်သန်းစိန်[၁၀/ပမန(နိုင်)၁၂၅၂၉၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မဥ္ဇူအေးသိန်း (LL.B)** **ဒေါ်ဝင်းမာဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၂၂၅၇) (အထက်တန်းရှေ့နေ)(စဉ်–၅၇၀၂၁)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**ဖုန်း–၀၉–၅၀၄၁၄၈၃၊ ၀၉–၄၃၀၂၃၃၂၁**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ်(၃၇၅/က)၊ မြေအကျယ်အဝန်း(၁၂၀၀)စ/ပေ ရှိ **ဦးစန်းလွင် (L/RGN –026689)**အမည်ပေါက် နှစ်(၆၀)အငှားဂရန် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၃၇၅/က)၊ ထူပါရုံ(၂၂)လမ်း၊ (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်၊ စွဲကပ်တည်ရှိနေသောအရာများ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မြေအမည်ပေါက်(ကွယ်လွန်)၏ ဇနီးဖြစ်သူ **ဒေါ်စန်းရင်[၁၂/သကတ(နိုင်) ၁၆၂၄၆၅]**က တရားဝင် ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ **ဦးဂိုပါးလ်[၁၃/နစန(နိုင်)၀၃၅၂၂၀]**မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအေးမော်(B.Sc, H.G.P, D.B.L, D.A.Psy) အထက်တန်းရှေ့နေ(စဉ်– ၁၈၆၀၉)**
**အမှတ်(၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၄၃၅၈၃၊ ၀၉–၇၉၅၉၁၉၈၄၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တက်သစ်ကျေးရွာ၊ ကွင်းအမှတ်(၃၆၂)၊ တပ်ရွာဟု ခေါ်တွင်သည့် ဦးပိုင်အမှတ်(၁၂/ခ)၊ ဧရိယာ(၃.၃၂)ဧကအနက်မှ မခွဲစိတ်ရသေးသောမြေမှ တပ်ရွာ ကျေးရွာလမ်း၊ ရှေ့နောက်(၄၀x၆၀)ပေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ ဦးစံမြ လယ်ပုံစံ(၇/၁၀၅)ပြေစာအမည်ပေါက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ဝင်း[၁၂/ထတပ(နိုင်)၀၁၄၆၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာလင်း[၁၂/လကန(နိုင်)၂၁၆၃၀၅]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား လယ်ပြေစာမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ Shop House**
**(၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း–၀၉–၅၄၁၄၅၃၄၊ ၀၉–၄၂၁၀၄၃၁၀၉**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသီတာလမ်းမကြီး၊ အမှတ်(၂၉၅)၊ အကျယ်အဝန်း(၄၀x၆၀)ပေ နှစ်(၆၀)ဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်(ခြေရင်းခြမ်း)၊ အကျယ်အဝန်း(၁၇x၅၄)ပေရှိ တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ထားသူဖြစ်သည့် ဦးစိုးရီ[၁၂/ဒဂန(နိုင်)၀၁၁၅၄၈]မှ တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးထက်ဇော်[၁၃/လရန(နိုင်)၁၃၂၇၁၁]က အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာချို (LL.B., DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၇၀)**
**အမှတ်–၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၄၀၀၀၈၃၉၊ ၀၉–၂၅၀၁၇၂၉၁၉**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၇)လမ်း၊ အမှတ်(၅၇၄/က+ခ)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(၁၇x၅၄)ပေရှိ တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသူဖြစ်သည့် ဒေါ်အိအိခိုင်[၇/တငန(နိုင်)၁၁၂၁၄၀]မှ တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းလဲ့ဝေ[၁၄/ကပန(နိုင်)၁၇၈၁၅၀]က အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာချို (LL.B., DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၇၀)**
**အမှတ်–၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၄၀၀၀၈၃၉၊ ၀၉–၂၅၀၁၇၂၉၁၉**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ပိတောက်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၁)၊ မြေကွက် အမှတ်(၇၀၄/က)၊ ဧရိယာ(အလျား၂၀ပေx အနံ ၆၀ပေ)ဟုခေါ်တွင်သော ဒေါ်ခါတွန်ဘီဘီ အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သောဦးမင်းဦး(ဘ)ဦးအဗ္ဗဒူဂျဟာရ်[၁၂/အစန(နိုင်)၂၉၆၂၃၁]၊ ဒေါ်ဂျာွန်နီဆား(ဘ) ဦးမွန်တတ်စ်(ISN–၅၇၉၁၉၁)နှင့် ဦးကျော်အေး (ဘ) ဦးအဗ္ဗဒူဂပါး [လသယ(ယ)၀၁၉၈၄၇] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဝေဇင်ထွန်း(ဘ)ဦးစိုးမောင်[၁၄/ပသန(နိုင်)၀၀၈၄၅၅]မှအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်အား ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အိအိဖြိုး** **ဦးမောင်မောင်မြင့်**
**LL.B., D.B.L.,D.I.B.L., D.I.L.,D.M.L., WIPO (Switzerland)** **LL.B., D.B.L., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၄၇၀)** **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၃၉)**
**အမှတ်(၂၃၄)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်/ အနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၈၃၄၃၀၃၈၊ ၀၉–၂၅၄၃၈၃၇၆၁**

**မြေကွက်များဝယ်ယူလိုပါသည်**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)**
အိမ်အရောက်ငွေပေးချေသည်။ ပွဲခပေးရန်မလိုပါ
**Ph: 09-770287930**
**ရာန်** အိမ်ခြံမြေ

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ နော်သောဖောထူး[၁၄/အဂပ (နိုင်) ၂၀၅၀၈၄]၏ ဖခင်အမည် ဦးစောထူးသာနှင့် ဦးထူးသာသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမှုပိုင်ခွင့်လျှောက်ထားပြီးကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၉)လမ်း၊ အမှတ်(၄၀–မြေညီထပ်)နေ ဒေါ်ဝင်းပပ[၃/မဝတ(နိုင်)၀၁၂၁၉၇]ကိုင်ဆောင်သူမှ အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၌ ကြက်လျှာစွန်းအမည်ဖြင့် လျှောက်ထားခဲ့ရာ Mark MM/T/ 2025/005389 (၂၁–၁၁–၂၀၂၅) ရက်နေ့ဖြင့် တင်သွင်းလက်ခံရရှိထားခဲ့ပြီးဖြစ်ပါသည်–




**Mark MM/T/2025/005389**

အထက်ဖော်ပြပါ ကြက်လျှာစွန်းအမည်ဖြင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား rice pulp for culinary purposes ဒံပေါက်၊ rice–based snack food; batter mixes ထောပတ်ထမင်း၊ bean meal; sugar substitutes for culinary purposes; meat gravies; အထည်အလိပ်၊ သနပ်စုံ၊ အအေးမျိုးစုံတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချ အသုံးပြုလျက်ရှိနေသည့်အပြင် အင်တာနက်လူမှုစာမျက်နှာကွန်ရက်၊ အင်စတာဂရမ်၊ တယ်လီဂရမ်၊ ဝက်ဆိုဒ် (Website)၊ Online တို့မှဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကြက်လျှာစွန်းအမည်ဖြင့် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမှုပိုင်ခွင့် တင်သွင်းလျှောက်ထားခဲ့ပြီးဖြစ်သည့်အတွက် မည်သူတစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ အဖွဲ့အစည်း တစ်စုံတစ်ရာမှသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန် မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းကူးယူ တုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာပါသည်။

အထက်ဖော်ပြပါ ကြက်လျှာစွန်းအမည်ဖြင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား တုပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားပြုလုပ်ထုတ်လုပ်ရောင်းချခြင်းများပြုလုပ်ပါက ပြုလုပ်ရောင်းချသူအား တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းပပ ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေပြည့်စုံ(ခ)ဒေါ်ပွင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၉၃)**
**အမှတ်–၅၅၊ အခန်း(၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၅၃၄၂၄၊ ၀၉–၇၆၅၀၅၃၄၂၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ ဟံသာဝတီလမ်း၊ မြေကွက် အမှတ်(၇၁၉)၊ မြေအကျယ်အဝန်း(၄၀ ပေx ၆၀ ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးကျင်ခ[၁၂/မဂဒ(နိုင်)၀၈၀၈၀၅]** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးပြေငြိမ်းကျော်[၆/ထဝန(နိုင်)၀၇၇၉၈၅]**သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်–၁၁၄၀၆)**
**ဒေါ်ပန်းသဇင်ကျော်(LL.B) (စဉ်–၅၆၈၂၃)**
**ဒေါ်သက်ထားခိုင် (LL.B) (စဉ်–၅၆၈၇၅)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း–၀၉–၄၂၁၁၆၈၇၇၄**
**ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B) (စဉ်–၅၆၆၆၂)**
**အထက်တန်းရှေ့နေများ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့စာတိုက်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော X-Ray scanning mechines (၂) လုံးအား ဝယ်ယူရန် အတွက် စိတ်ပါဝင်စားသူများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၅-၁-၂၀၂၆ ရက် (တနင်္လာနေ့)

၃။ တင်ဒါပုံစံအရောင်း ပိတ်မည့်ရက် - ၁၉-၁-၂၀၂၆ ရက် (တနင်္လာနေ့)

၄။ တင်ဒါပုံစံရောင်းချမည့်နေရာ - ထောက်ပံ့ရေးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်

၅။ တင်ဒါတင်သွင်းရမည့်နေရာ - တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ မြန်မာ့စာတိုက်လုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်

၆။ တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် - ထပ်မံကြေညာသွားပါမည်

၇။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်) နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၉-၄၅၀၀၀၀၀၉၃ သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ (ဆက်သွယ်ရေး)**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(မြောက်)ရပ်ကွက်၊ ရတနာသိဒ်လမ်း၊ အမှတ်(၁၉)၊ မြေပေအကျယ်(၂၅x၅၀)ပေရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ ရောင်းချသူ ဒေါ်နှင်းဆီ(ခ)ကျန်ယုတ်အိန်း[၁၂/ကတတ(နိုင်)၀၁၃၆၉၅]မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့် ဆဋ္ဌမထပ်၊ (ခြေရင်းခန်း)၊ အခန်းအမှတ်(၆/ဘီ)၊ အခန်းအကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ)၊ အမြင့်(၉)ပေရှိ တိုက်ခန်းသည် အရှုပ်အရှင်းကင်း၍ ရောင်းချသူမိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စုရည်မွန်[၁၂/စခန(နိုင်)၀၆၈၂၂၆]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်အေးစုစုရည် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၈၈)**
**အမှတ်(၁၂)၊ ရွှေနှင်းဆီလမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၄၅၇၂၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အရှေ့)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၈၅)တွင်တည်ရှိသော နှစ်ခန်းတွဲ(၇)ထပ် အဆောက်အဦမှ (၇)လွှာ(ခြေရင်းခန်း)တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း(၁)ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို **ဒေါ်သင်းသင်းကြူ [၁၂/လသန(ပြု)၀၀၀၀၆၅]**နှင့် **ဒေါ်ဝင်းဝင်းခိုင်[၁၂/လမတ(နိုင်)၀၁၉၈၉၃]** တို့မှ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းချက်အပေါ် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ချိုသဲ[၈/ရစက(နိုင်)၂၆၁၄၂၂]**မှ အပြီးအပိုင် ဝယ်ယူရန်သဘောတူညီ၍ တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

၂။ အဆိုပါတိုက်ခန်းများ၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာချုပ်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်ထက်ထက်နိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၃၇၅)**
**အခန်းအမှတ်(၉၀၄)၊ (၉)လွှာ၊ MAC Tower ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၂၅၃၂၁၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကြည်စေတနာလမ်း၊ အမှတ်(မ/၉၀၉)၊ (၃)ခန်းတွဲ(၅)ထပ်တိုက် အဆောက်အဦ၏ ဒုတိယထပ်(၃)လွှာ၊ ခေါင်းရင်း(အလယ်ခန်း)၊ အကျယ်အဝန်း(၁၃ x ၂၉)ပေရှိ တိုက်ခန်းနှင့် ရေ၊ မီး အပါအဝင် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးအောင်အောင်[၁၂/မရက(နိုင်)၀၇၉၉၈၀]မှ လက်ဝယ်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်သန္တာမျိုး[၈/တတက(နိုင်)၁၀၆၃၃၄]နှင့် ဒေါ်မြတ်မိုးသူ[၁၂/ဆကခ(နိုင်)၀၁၇၈၉၆] မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းပပအောင် (LL.B,D.B.L,DBM)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၆၁၅)**
**အမှတ်(၂၃)၊ သိင်္ဂီလမ်း၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၃၇၅၁၀၁၉**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၇ ရက်)**

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် (၂၀၂၆ ခုနှစ် ဧပြီလမှ ၂၀၂၇ခုနှစ် မတ်လ အထိ) အတွက် ၂၀၂၆ခုနှစ် ဧပြီလတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ဖော်ပြပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန်ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (ရန်ကုန်)သို့လည်းကောင်း ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ)သို့လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအပါအဝင် မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်ဘာလေထီလက်မှတ်စာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) အောင်ဘာလေထီစာအုပ် ဝယ်ယူရောင်းချရန် လျှောက်ထားသူများသည် ထီလုပ်ငန်း အမှန်တကယ်လုပ်ကိုင်၍ ထီဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်ရန်လိုအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ ထီစာအုပ်ဝယ်ယူရရှိပါက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမည်ဖြစ်ကြောင်း ကတိခံဝန်ချက်စသည်များကို လျှောက်လွှာနှင့်အတူ ကိုယ်တိုင် တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) ထီလုပ်ငန်းရှင်အဟောင်းများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ လစဉ် ကျပ် ၁၀၀၀ တန်ထီလက်မှတ်စာအုပ် ဝယ်ယူရောင်းချခဲ့မှုအပေါ် မိမိနေထိုင်ရာ (သို့မဟုတ်) လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စဆောင်ရွက်ပြီးကြောင်း ထောက်ခံစာမူရင်း(သို့မဟုတ်) ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စလုံလောက်သောအစီအစဉ်များ ပြုလုပ်ပြီးကြောင်း ထောက်ခံစာမူရင်းကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

(ဃ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ (၁၄-၁-၂၀၂၆) ရက်နေ့မှ (၂၇-၁-၂၀၂၆) ရက်နေ့အတွင်း တင်သွင်းရမည်ဖြစ်ပါသည်။

(င) လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၁)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် အာမခံငွေ(Deposit) (၂၀၀)ကျပ်နှုန်းဖြင့် (၃)လစာ အတွက် ကျပ် (၆၀၀) ကို ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

(စ) ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းရမည့် ထီစာအုပ်အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက်ကို ဖော်ပြလျက် မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူကတိစာချုပ် ချုပ်ဆိုရမည် ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များဝယ်ယူရောင်းချရန် သဘောတူကတိစာချုပ်ချုပ်ဆိုပြီး စာချုပ်ပါ သဘောတူညီချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက ထီစာအုပ်ဝယ်ယူခွင့် ရုပ်သိမ်းခြင်း၊ အာမခံငွေ(Deposit)များ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက အာမခံငွေ(Deposit) ပေးသွင်းခြင်း၊ သဘောတူကတိစာချုပ်ချုပ်ဆိုခြင်းများကို (၁၀-၃-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။

(ဈ) သတ်မှတ်ထားသည့်အချိန်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ထီစာအုပ်ဝယ်ယူခွင့်ရရှိသူစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၅ရွှေကမ်းသာယာ-၂၊မြေကွက်အမှတ်-၃၆၂၊ဧရိယာ(၀.၀၈၃)ဧက၊မြေကွက်တည်နေရာအမှတ်-၅၁/၁၊ BLOCK-51၊ဇီဇဝါလမ်း၊အတွင်းပဒံကျေးရွာအုပ်စု၊လှိုင်သာယာမြို့နယ်၊ ချင်စုအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ကုမ္ပဏီအမှတ်-114676527 (ကိုယ်စား)ဒေါ်နန်းပိုးဟွမ်(၁၃/ကတန(နိုင်)၀၂၀၇၆၇)မှကုမ္ပဏီမှတ်ပုံတင်အမှတ်၊အစည်းအဝေးမှတ်တမ်း၊ကိုယ်စားလှယ်လွှဲစာ၊နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင်ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊မြေပုံတို့တင်ပြ၍အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းတို့တင်ပြနိုင်ခြင်းမရှိဘဲပါမစ်(မစုံ)တင်ပြ၍ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၃)တိုးချဲ့ရပ်ကွက်၊ သုဓမ္မာလမ်း၊ သီရိရတနာလက်လီ/လက်ကားဈေး၊ အဆောက်အအုံအမှတ်-B၊ ဆိုင်ခန်းအမှတ်(၇)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၀ ပေ x ၄၅ ပေ) ရှိ (၂)ထပ်ဆိုင်ခန်း (၁)ခန်းနှင့်ယင်းဆိုင်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနပိုင်၊ အဆောက်အအုံ/ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်ပုံတင်စာအုပ်တွင် အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ ဒေါ်မေမျိုးသူ[၁၂/ကမတ(နိုင်)၀၅၇၃၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်အေးမင်းသန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)**
**အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၀၂၇၈၃၃**

❖ ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ "ပြည်ထောင်စုနိုင်ငံ" ထူထောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားခြင်းဖြစ်ပါတယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။


❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဇန်နဝါရီ ၆

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ







KK Park နယ်မြေ အပိုင်း(၂)တွင် တရားမဝင်ဆောက်လုပ်ထားသည့် ငါးထပ်လူနေအဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၆၃၁ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၂၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ☆

## သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

## MFF ဖူဆယ်လိဂ်(၁)ပြိုင်ပွဲတွင် YCDC Dream Team၊ YRG အသင်းနှင့် Pacific Sun Far အသင်း သုံးပွဲဆက်အနိုင်ရရှိ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၂၅-၂၀၂၆ ရာသီ MFF ဖူဆယ်လိဂ်(၁)ပြိုင်ပွဲ ပွဲစဉ်(၃)ကို ဇန်နဝါရီ ၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ YCDC Dream Team၊ YRG အသင်းနှင့် Pacific Sun Far အသင်းတို့ သုံးပွဲဆက်အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖



အီဂျစ်အသင်းနှင့် ဘီနင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## အီဂျစ်အသင်း အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တက်လှမ်း

အီဂျစ်အသင်းဟာ ဇန်နဝါရီ ၅ ရက်ညပိုင်းက ဘီနင်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်ပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အီဂျစ်အသင်းနဲ့ ဘီနင်အသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အချိန်ပိုကစားရာမှာ အီဂျစ်အသင်းက နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့လို့ အီဂျစ်အသင်းက ဘီနင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✳

### ယနေ့ ဖတ်စရာ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ
စာမျက်နှာ » ၁၅

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၂ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်
စာမျက်နှာ » ၁၈